# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ဇုန်လေးဇုန်ခွဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် မေ ၁၂**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို အကြိုနေ့မှစတင်၍ ပျဉ်းမနား-တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံအထိ ဇုန်များသတ်မှတ်ကာ ဝန်ထမ်းများနှင့် ပြည်သူများအားလုံး ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်၍ ခေတ်နှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆




နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ Grant-AID အကူအညီဖြင့် သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားတည်ဆောက်ရေး စီမံကိန်း တံတားဆက်ခြင်း အခမ်းအနား ကျင်းပ**

ပြည်တွင်းသတင်း | စာ - ၇

**တိုးတက်မှုမြန်ဆန်သောနိုင်ငံ . . . ဗီယက်နမ်၏ ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များအားလေ့လာခြင်း**

ဆောင်းပါး | စာ - ၁၀

**ကြက်ငှက်တုပ်ကွေး H3N8 ကြောင့် ပထမဆုံး လူသေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြော**

နိုင်ငံတကာသတင်း | စာ - ၁၃

# အပူလျှပ်ခြင်းဖြစ်ပါက ကုသမှုကို ချက်ချင်းခံယူ

ယခုရက်ပိုင်းအတွင်း ဒေသအနှံ့အပြားတွင် အပူချိန်မြင့်မားလာခြင်းကြောင့် အပူဒဏ်ကိုလည်း သိသိသာသာခံစားလာကြရသည်။ မြင့်မားသည့် အပူဒဏ်ကြောင့် မောပန်းနွမ်းနယ်ခြင်း၊ မူးဝေပြီး လှုပ်ရှားချင်စိတ်မရှိခြင်းနှင့် အဆိုးရွားဆုံး အခြေအနေတွင် အပူလျှပ်ခြင်းအထိ ဖြစ်စေနိုင်သည်။ အပူလျှပ်ခြင်းသည် ဦးနှောက်နှင့် အရေးကြီးသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကိုပါ ထိခိုက်ပျက်စီးစေပြီး သေဆုံးစေနိုင်ခြင်းကြောင့် အပူလျှပ်ခြင်းသည် အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပြီး ကုသမှုကို ချက်ချင်းခံယူရန် လိုအပ်ကြောင်း နားလည်ထားကြရမည်ဖြစ်သည်။

အပူလျှပ်ခြင်းသည် နေပူထဲတွင် အချိန်ကြာမြင့်စွာ နေမိခြင်း၊ ပြင်းထန်သည့် ကိုယ်လက်လှုပ်ရှားမှုများ လုပ်မိခြင်း စသည်တို့ကြောင့် ရုတ်တရက် အပူလျှပ်ခြင်းကို ခံစားရနိုင်သည်။ အပူပြင်းထန်နေချိန်တွင် လူတိုင်းအပူလျှပ်ခံရနိုင်သော်လည်း အသက် ၆၅ နှစ်အထက် လူကြီးများနှင့် အသက်လေးနှစ်အောက်ကလေးများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံးရောဂါအခံရှိသူများ၊ အရက်အလွန်အကျွံသောက်သူများ၊ ရေသောက်နည်းသူများ ပိုမို၍ ခံစားကြရနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးထားသည်။ အပူလျှပ်ခံရပြီဆိုပါက ကိုယ်အပူချိန်သည် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထိ ရှိနေတတ်ပြီး သတိလစ်ခြင်း၊ ခေါင်းထိုးကိုက်ခြင်း၊ ချွေးလုံးဝ မထွက်တော့ခြင်း၊ အသားများ နီရဲခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်းနှင့် ကြွက်သားများ အားပျော့ခြင်း၊ မူးမိုက်နုံးချည့်ခြင်းတို့ ခံစားရနိုင်ပြီး ပိုမိုဆိုးရွားလာပါက သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ် အပူချိန်အလွန်အကျွံမြင့်တက်ခြင်း စသည့် (Heat Stroke) လက္ခဏာများ ဖြစ်ပေါ်လာနိုင်သည်။

မြင့်မားသည့်အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် နေ့လယ် နေ့ခင်းအချိန်များတွင် အရိပ်ရ၊ အေးမြ၍ လေဝင်လေထွက်ကောင်း သောနေရာများတွင် နားနေရန် လိုအပ်သည်။ ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းသည့်အလုပ်လုပ်ခြင်း၊ အားကစားလုပ်ခြင်းတို့ ရှောင်ကြဉ်ရန်၊ မဖြစ်မနေ လှုပ်ရှားသွားလာရပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းရန်နှင့် အရိပ်ရ အေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကို မကြာခဏပြုလုပ်ရန်၊ အဖြူ သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နေပူသည့်အချိန်တွင် လွင်တီးခေါင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များတွင် ရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ ကော်ဖီနှင့် အရက်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်နှင့် ရေနှင့် ဓာတ်ဆားရည်တို့ကို လုံလောက်စွာ သောက်ရန်တို့ကို ကျန်းမာရေး ပညာရှင်များက အကြံပြုထားသည်။ အပူဒဏ်အန္တရာယ်ခံစားရသောလူနာကို အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရန်၊ ရေနှင့်ဓာတ်ဆားရည်တို့တိုက်ရန်၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန်အတွက် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့ကို ရေအေးပတ်တိုက်ပေးပြီး နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနတို့တွင် ကုသမှုခံယူရန်လည်း လမ်းညွှန်ထားသည်။

အပူရှိန်မြင့်မားသည့် ယခုကဲ့သို့ ကာလမျိုးတွင် အသက်အန္တရာယ်ဖြစ်စေနိုင်သည့် အပူလျှပ်ခြင်း မခံစားကြရစေရန်အတွက် သတိ၊ အသိတို့နှင့်ယှဉ်၍ ပြုမူနေထိုင်ကြရန် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား- မြန်မာ ချစ်ကြည်ရေးအသင်း၊ မြန်မာ - ရုရှား ချစ်ကြည်ရေး အသင်းနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် ခရီးစဉ် တစ်ခုအဖြစ် ရောက်ရှိလာသော ရုရှား - မြန်မာ ချစ်ကြည်ရေး အသင်း ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိလာရာ(ဝဲပုံ) မြန်မာ- ရုရှား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




ယင်းနောက် ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများသည် ရွှေတိဂုံစေတီတော်မြတ်ကို သွားရောက်ဖူးမြော်ပြီး ၁၉ လမ်းရှိ ရန်ကုန်မြို့ပြ စားသောက်ဆိုင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဘူးသီးတောင်မြို့နယ်၌ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဘူးသီးတောင် မေ ၁၂

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများအေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ကျင်းပသော မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဇဟိုမဏ္ဍပ်၌ ဖျော်ဖြေရေး၊ ရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက စီစဉ်ဆောင်ရွက်လျက်ရှိကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များတွင် နှစ်သစ်မင်္ဂလာသင်္ကြန်တေးသီချင်းများ၊ ရိုးရာယဉ်ကျေးမှုအကများ၊ သင်္ကြန်ယိမ်းအကအလှ ယှဉ်ပြိုင်မှုများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဧည့်ခံဖျော်ဖြေမှုများအပြင် လာရောက်ဆင်နွှဲသူများအား အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်သည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘိုးဘွားသက်ကြီး ပူဇော်ပွဲနှင့်အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှကျော်( ပြန်/ဆက်)

## ရေဖြူမြို့နယ် ရာဖူး - သဲချောင်းကျေးရွာချင်းဆက် မြေသားလမ်း ၅ မိုင် ဖောက်လုပ်ခြင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ထားဝယ် မေ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရာဖူး-သဲချောင်းကျေးရွာချင်းဆက် မြေသားလမ်း ၅ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၆၁၅ သန်းဖြင့် Apex Queen ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ရေဖြူမြို့နယ်၊ ရာဖူး - သဲချောင်း ကျေးရွာချင်းဆက်မြေသားလမ်း ၅ မိုင်နှင့် ၎င်းလမ်းပေါ်ရှိ ၅ ပေ Box Culvert ၅ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ရာဖူး - သဲချောင်း ကျေးရွာချင်းဆက်မြေသားလမ်းပေါ်ရှိ ကျေးရွာ ၈ ရွာ၊ အိမ်ခြေ ၆၇၁ အိမ်၊ လူဦးရေ ၃၁၃၀ အား များစွာအကျိုးပြုသည့် လမ်းပိုင်းဖြစ်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

## သီတာရေခင်း မြန်မာ့စိတ်ရင်း

* ရွှက်ဝါကကြွေ လေကပွေ၍
နွေပီကာလ ခါသမယ
စမည်နှစ်သစ် မကြာဖြစ်သည်
ချစ်သောအတာ တို့မြန်မာ။

* ပိတောက်တွေဖူး ရွှေရည်လူး၍
ထူးသောသင်္ကြန် သူဝန်းရံကာ
မှန်ပင်ရောက်မြဲ ပါဝင်နွှဲ။

* ရေ၏သဘော ကြည်လင်နှောမို့
မောသမျှစင် စိတ်မှာရွှင်၏
တင်လာညစ်ကြေး သန့်စင်ပေး၏
အေးသောသတ္တိ ပင်ကိုရှိ၏။

* အဝါအစိမ်း ပိတောက်ကိန်းလို
သိန်းသန်းပြည်သူ ငြိမ်းချမ်းယူလျက်
တူညီလျှောက်တွဲ သာသည့်ပွဲကို
နွှဲကြည်ပျော်စွာ လျှောက်ကြပါ။

* ကျန်ခဲ့နှစ်ဟောင်း အဖြစ်ကောင်းကို
ဆောင်းကာသယ်ပိုး ပြည်အကျိုး။

* လွန်ပြီးနှစ်မျိုး အဖြစ်ဆိုးကို
ထိုးနှိမ်ဖျက်သိမ်း ပြည့်ရန်ငြိမ်း။

* ကမ္ဘာ့အလယ် မြန်မာ့နယ်သည်
ထည်ဝါဂုဏ်မြတ် ကောင်းခြင်းထပ်အောင်
နပ်ပါးသလေ ဥာဏ်မျက်ရှည်ဖြင့်
စေတနာသိ ဖွဲ့အရှိနှင့်
သုတိဝေဖြာ သင်္ကြန်ခါတွင်
သီတာရေခင်း မြန်မာ့စိတ်ရင်း။ ။

ညိုဝင်း(ချစ်မြေ)

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၂

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၁၃၈၅ ခုနှစ် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဝင်းအတွင်းရှိ မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ ဌာနအသီးသီးမှ ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။ **(ယာပုံ)**

**ခြိမ့်ခြိမ့်သဲဆင်နွှဲ**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ နှစ်သစ်ကူးပွဲတော်များကျင်းပရာတွင် မိမိတို့မြန်မာလူမျိုးများသည် နှစ်ဟောင်းမှ နှစ်သစ်ကို ကူးပြောင်းချိန်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြကြောင်း၊ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေနှင့် ဆေးကြောပြီး နှစ်သစ်ကို ကြိုဆိုကာ သင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ အတီးအမှုတ်များဖြင့် ကပြဖျော်ဖြေ၍ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကြကြောင်း၊ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်နှင့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ အလှူဒါနပြုခြင်းစသည့် မင်္ဂလာအပေါင်း ပြည့်စုံစွာဖြင့် နှစ်သစ်ကို အတူတကွ ကြိုဆိုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအမှူးများနှင့်အတူ ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အကြီးအကဲများနှင့် မိသားစုများက ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ယိမ်းအဖွဲ့များအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ပျော်ရွှင်စွာ ရေကစားကြသည်။



ယင်းနောက် ဌာနအသီးသီးမှ ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**ပဲခူး ဧပြီ ၁၂**

ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး အလယ်ပစ္စယံ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာ အခမ်းအနားကျင်းပရာ ဩဝါဒစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာအပါး ၁၀၀၀ တို့မှ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ အလှူရှင်များမှ သံဃာအပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဩဇပရိသတ် အပေါင်းက နိုင်ငံတော်ဩဝါဒစရိယ ပဲခူးမြို့မစာသင်တိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်း စာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေခဲ့ကြပြီး ဩဝါဒစရိယ ဆရာတော်ကြီးများ၊ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့် အစီအစဉ်များအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၁၂**

၁၃၈၅ ခုနှစ် မြန်မာရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့၌ ခမ်းခမ်းနားနားဖြင့် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်စီမံဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၂ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန်၊ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်း၊ အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ တည်ဆောက်ထားသည့် ဗဟိုမဏ္ဍပ်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဆွမ်ပရာဘွမ်လမ်းမတစ်လျှောက် ပြည်ထောင်စုလမ်းဆုံမီးပွိုင့်မှ ဆမားလမ်းဆုံကျောက်စိမ်းတုံးမီးပွိုင့်အထိ ပေ ၇၀၀ အတွင်း လမ်းလျှောက်သင်္ကြန်အတွက် ပုသိမ်ထီးများ အလှဆင်ဆောင်ရွက်ထားရှိမှု၊ ရေပိုက်များသွယ်တန်းထားရှိမှု၊ လောင်းလှေကြီးများ၊ နံ့သာမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆမားလမ်းမတစ်လျှောက် ဒေသခံစီးပွားရေးလုပ်ငန်းရှင် အစုအဖွဲ့များ၏ ရေကစားမဏ္ဍပ်ခြောက်ခု တည်ဆောက်ပြီးစီးမှုနှင့် အလှဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကစားမဏ္ဍပ်များ ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး၊ ပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ရေးနှင့် စတုဒိသာညှေ့ခံကျွေးမွေးနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားပြည်သူ့ဆေးရုံ သွေးလှူဘဏ်ဌာန၌ မဟာသင်္ကြန်နှစ်သစ်ကူးအကြို စေတနာ့သွေးသန့်သွေးလှူရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် စေတနာ့သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါက်တာတင့်နိုင်၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ စေတနာ့သွေးအလှူရှင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို အားပေးကြည့်ရှုခဲ့ကြပြီး ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ သမိဒ္ဓေါဒယသီလရှင်ကျောင်းတိုက်၌ သီလရှင်ဝတ်ပွဲနှင့် ယဉ်ကျေးလိမ္မာဖွင့်ပွဲသို့ တက်ရောက်ပြီး ကျောင်းဝင်းအတွင်း၌ ဒေသခံပြည်သူများနှင့်အတူ ပင့်သံဃာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း၊ ဆေးဝါးများ၊ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မုဒုံမြို့နယ်၌ မဟာသင်္ကြန်ပွဲတော်အခမ်းအနားအတွက် ကြိုတင်လေ့ကျင့်

**မုဒုံ ဧပြီ ၁၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအစီအစဉ်ပါဝင်သူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ယိမ်းအကအလှအဖွဲ့ ခြောက်ဖွဲ့တို့မှ မြူမှောင်ဝေကင်းနှင့်မန်းတောင်ရိပ်ခို တေးသီချင်း နှစ်ပုဒ်ဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထိုသို့ဆောင်ရွက်နေမှုများကို မုဒုံမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ကျင်းပရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

◆ *ရွှေဖုံးမှ*

လမ်းလျှောက်သင်္ကြန်အတွင်း ထူးခြား၍ ခမ်းနားမှုရှိစေရန် ဇုန်လေးဇုန် သတ်မှတ်ထားကြောင်း၊ ဇုန်(၁)အတွင်း သနပ်ခါးသင်္ကြန်၊ ဇုန်(၂)အတွင်း တိုင်းရင်းသားသင်္ကြန်၊ ဇုန် (၃) အတွင်း မြန်မာမှု မပျောက်ပျက်စေရန်နှင့် နိုင်ငံတကာ အဆင့်တန်းမီ အလှပြဖျော်ဖြေရေး အစီအစဉ်များနှင့် ဇုန်(၄)အတွင်း လူငယ်နှင့် ကလေးငယ်များအတွက် လူငယ်ဂိမ်း သင်္ကြန်အစီအစဉ်များ ထည့်သွင်းစီစဉ်ထားကြောင်း Brilliant Aura Co.,Ltd မှ Business Development Director ဒေါ်ဆုမြတ်လွင်က ပြောသည်။

"သနပ်ခါးသင်္ကြန်ဆိုတာက အလွန်ထူးခြားတဲ့ အစီအစဉ်လေးပါ။ ဘယ်မှာမှ မလုပ်ဖူးသေးပါဘူး။ သနပ်ခါးတွေ လိမ်းခြယ်ပြီး ပျော်ပါးလို့ရအောင် စီစဉ်ပေးခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားသင်္ကြန်ဇုန်မှာတော့ တိုင်းရင်းသားယဉ်ကျေးမှုတွေကို ပြသမှာပဲ ဖြစ်ပါတယ်။ ဂိမ်းဇုန်မှာတော့ ခေတ်မီတဲ့ Colour Party တွေ၊ ကစားတဲ့နေရာတွေ၊ Foam Party တွေနဲ့ ဂိမ်းအစီအစဉ်တွေ အများကြီး စီစဉ်ထားပါတယ်။ လာလည်မယ်ဆိုရင် မပျင်းရလေအောင် ကဏ္ဍပေါင်းစုံ ထည့်သွင်းထားပါတယ်"ဟု ၎င်းက ပြောသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်မှုကြောင့် ပြီးစီးနေပြီဖြစ်ကာ လူငယ်များသာမက လူကြီးများပါ ပျော်ပျော်ရွှင်ရွှင်နှင့် ပေါ့ပေါ့ပါးပါး ဖြစ်စေရန် သေချာဂရုစိုက်ပြင်ဆင်လျက်ရှိကြောင်း၊ သင်္ကြန်အကြိုနေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ မွန်းတည့် ၁၂ နာရီနောက်ပိုင်းတွင် ပိုမိုထူးခြားဆန်းသစ်သည့် အစီအစဉ်ကောင်းများလည်းရှိကြောင်း သိရသည်။

"သင်္ကြန်အကျနေ့ကစပြီး နံနက် ၉ နာရီမှာ လမ်းလျှောက်သင်္ကြန်စဖွင့်ပါမယ်။ နေ့လယ်ပိုင်းမှာ တစ်ခေါက်နားပြီး မွန်းလွဲ ၃ နာရီကနေ ည ၇ နာရီခန့်အထိ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ တခြားအစီအစဉ်တွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လာရောက်လည်ပတ်တဲ့ သူတွေအနေနဲ့လည်း ဂိမ်းတွေဆော့မယ်။ နောက်ပြီး ဈေးဆိုင်ခန်းတွေမှာ မိမိကြိုက်နှစ်သက်တဲ့ အစားအစာတွေကို စိတ်ကြိုက်စားလို့ရပါမယ်။ စတုဒိသာမဏ္ဍပ်တွေမှာလည်း စားသုံးလို့ရမယ့်အပြင် ဖျော်ဖြေရေးအစီအစဉ်တွေကိုလည်း ကြည့်ရှုလို့ရမှာဖြစ်ပါတယ်" ဟု Business Development Director ဒေါ်ဆုမြတ်လွင်က ပြောသည်။

ထို့ပြင် လမ်းလျှောက်သင်္ကြန်အား လာရောက် လည်ပတ်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ ပျော်ရွှင်စေလိုသည့်အတွက် ခေတ်မီစွာပြင်ဆင်ထားကြောင်း၊ ဝင်ကြေးအနေဖြင့် လူကြီး ငွေကျပ် ၃၀၀၀ နှင့် ကလေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

"ဝင်ကြေးပေးပြီးရင် နိုင်ငံတကာပွဲတွေအတိုင်း ဝင်ခွင့်လက်ပတ်လေးတွေ ပြန်လည်ပေးမှာ ဖြစ်ပါတယ်။ ဒီလက်ပတ်တွေမှာလည်း Day 1, Day 2, Day 3 ဆိုပြီး ရှိပါတယ်။ Day 1 ဝင်ကြေးလက်ပတ်ကို ဝယ်ပြီးသွားရင် တစ်နေကုန်ဆော့လို့ရပါမယ်။ လူကြီးနဲ့ ကလေးငယ်တွေအတွက် ပျော်စရာကောင်းတဲ့ အစီအစဉ်ဖြစ်တဲ့ ရေလွှာလျှောစီးတွေပါမယ်။ ဆပ်ပြာမှုန့်အမြှုပ်တွေနဲ့ ကစားလို့ရတဲ့ ပါတီတွေလည်းပါမှာ ဖြစ်ပါတယ်။ ကာလာပါတီမှာဆိုရင် DJ Music တွေနဲ့ ရောင်စုံအမှုန့်တွေ ပက်ဖျန်းကစားလို့ရပြီး လူငယ်တွေ ပျော်ဖို့အတွက် စီစဉ်ထားပါတယ်။ နောက်ထပ် ပေ ၁၅၀ အရှည်ရှိတဲ့ လူကြီးတွေစီးတဲ့ ရေလွှာလျှောစီးပါ ထည့်ထားပါတယ်။ ကလေးတွေအတွက် ပျော့အိအိ ကစားကွင်းလည်း ပါဝင်မှာ ဖြစ်ပါတယ်။ လူငယ်ရော လူကြီးရော ကစားလို့ရတဲ့ ရေကူးကန်ကြီးလည်း ပါဝင်မှာဖြစ်တဲ့အတွက် အသစ်အဆန်း ဖြစ်ပြီး ပျော်စရာလည်းကောင်းတဲ့ အစီအစဉ်လေးဖြစ်စေမယ်လို့ ထင်ပါတယ်။

"နောက်ပြီး လမ်းလျှောက်သင်္ကြန်မှာ အန္တရာယ်ဖြစ်စေမယ့် လက်နက်ကိရိယာတွေ မယူဆောင်လာဖို့ သတိပေးချင်ပါတယ်။ ပြင်ပအစားအသောက် သယ်ဆောင်တာတွေ၊ တစ်ဦးနဲ့တစ်ဦး ဣန္ဒြေပျက်ပြားစေမယ့် အပြုအမူတွေ၊ အရက်သေစာ အလွန်အကျွံသောက်သုံးတာတွေကို ထိန်းသိမ်းပေးဖို့အတွက် မေတ္တာရပ်ခံလိုပါတယ်။ တားမြစ်ချက်တွေ အလွန်တင်းကျပ်တာတွေ မလုပ်ထားပါဘူး။ အားလုံး လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနဲ့ ပျော်စေချင်ပါတယ်။ ဒီလမ်းလျှောက်သင်္ကြန်ကို လာရောက်လည်ပတ်တဲ့အခါ တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း နိုင်ငံတကာအဆင့်မီ ကစားစရာတွေ၊ စားစရာတွေ ပါဝင်မှာဖြစ်ပါတယ်။ ကလေးတွေအတွက်ဆိုရင်လည်း သင်္ကြန်ဆိုတဲ့ အဓိပ္ပာယ်ကို မိသားစုတွေနဲ့ အတူတူပုံဖော်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။ နားနေနိုင်တဲ့ နေရာတွေလည်း စီမံပေးထားပါတယ်။ ဖျော်ဖြေရေး အစီအစဉ်တွေကအစ အားလုံးအတွက် ပျော်စရာကောင်းပြီး အဆင့်မီတဲ့ ပွဲလေး တစ်ခုဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန် ပိုမိုစည်ကားသိုက်မြိုက်စေရန်အတွက် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာ သင်္ကြန်မဏ္ဍပ်တို့တွင်လည်း နိုင်ငံကျော် သရုပ်ဆောင်များ၊ အဆိုတော်များ၏ တေးသီချင်းဖျော်ဖြေမှုများနှင့် ဝန်ကြီးဌာနများမှ ယိမ်းအကဖွဲ့များ၏ အကအလှများကိုခံစား၍ ပျော်ရွှင်စွာ ရေပက်ကစားနိုင်မည့်အပြင် စတုဒိသာမဏ္ဍပ်များ၌လည်း အစားအစာများ စားသုံးနိုင်ကြောင်း သိရသည်။

**သတင်း – အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – ကိုအေးသန်း**



နေပြည်တော် လမ်းလျှောက်သင်္ကြန်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။







နေပြည်တော် လမ်းလျှောက်သင်္ကြန်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ ဝန်ကြီးဌာနအလိုက် ယိမ်းအဖွဲ့များက ယိမ်းအလှအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများအားလုံး ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ခေတ်နှင့်အညီ ပျော်ရွှင်စွာဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဒေသ့ရိပ်သာလမ်းဆုံအထိ ဧရိယာသတ်မှတ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် စတင်ဖွင့်လှစ်မည့် နေပြည်တော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားအပါအဝင် ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားနိုင်စေရန်အတွက် ဝန်ကြီးဌာနများအလိုက် သင်္ကြန်မဏ္ဍပ်များ၊ သင်္ကြန်ဇုန်များ သတ်မှတ်၍ ထူးခြားသော အစီအစဉ်ကောင်းများကိုလည်း စနစ်တကျနှင့် အဆင်သင့် ဖြစ်စေရေးအတွက် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိကြသည်။

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် သင်္ကြန်ဇုန်များအလိုက် ဖျော်ဖြေရေးအစီအစဉ်များ စနစ်တကျရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



**သံပြိုင်ညီညာကပြဖျော်ဖြေ**

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့သည် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် မုခ်ဦးအား စနစ်တကျ ဖဲကြိုးဖြတ်ဖွင့်လှစ်နိုင်ရန်နှင့် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့များက သင်္ကြန်မိုးသီချင်းဖြင့် သံပြိုင်ညီညာကပြဖျော်ဖြေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



**အပြန်အလှန် ရေပက်ကစား**

ထို့နောက် လမ်းလျှောက်သင်္ကြန် ဧရိယာအတွင်းရှိ မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်များ၊ တိုင်းရင်းသားရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ ဝန်ကြီးဌာနအလိုက် ယိမ်းအဖွဲ့များက ယိမ်းအလှအကများ၊ တေးသံရှင်များက သင်္ကြန် တေးသီချင်းများ၊ မြိုင်မြိုင်ဆိုင်ဆိုင် အပြန်အလှန် ရေပက်ကစားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် သင်္ကြန်ဇုန်လေးဇုန်ဖြစ်သည့် သနပ်ခါး သင်္ကြန်ဇုန်၌ ပြည်သူများ မြန်မာ့ရိုးရာ သနပ်ခါးလိမ်းခြယ်၍ ရေပက်ကစားနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ တိုင်းရင်းသားသင်္ကြန်ဇုန်၌ တိုင်းရင်းသားမောင်မယ်များနှင့်အတူ ပျော်ရွှင်စွာ သင်္ကြန်ပွဲဆင်နွှဲနိုင်ရန် ဆောင်ရွက်ထားမှု၊ အလှပြဖျော်ဖြေရေးဇုန်၌ ခေတ်မီဆန်းသစ်သည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ခေတ်အလိုက် အလှပြယာဉ်များဖြင့် သင်္ကြန်ပွဲဆင်နွှဲခဲ့မှု သရုပ်ဖော်ပြကွက် နှင့် လူငယ်ဂိမ်းသင်္ကြန်ဇုန်ရှိ ခေတ်မီ Color Party ၊ Foam Party နှင့် Game Show အစီအစဉ်များ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့၌ ရခိုင်ရိုးရာ နံ့သာသွေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**ပုဏ္ဏားကျွန်း ဧပြီ ၁၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြီးမှူး၍ ရခိုင်ရိုးရာ နံ့သာသွေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီး သိမ်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ရခိုင်ရိုးရာ နံ့သာသွေးပွဲတော်ကို ရက္ခိတရခိုင်မင်္ဂလာစည်တော်များဖြင့် သံပြိုင်တီးခတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်စံဝင်းက ရခိုင်ရိုးရာ နံ့သာသွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ရိုးရာ နံ့သာသွေးပွဲကို အသင်းအဖွဲ့ ၁၂ ဖွဲ့တို့က ပါဝင်ဆင်နွှဲခဲ့ကြကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး နံ့သာသွေးအဖွဲ့များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာမဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေး

နေပြည်တော် ဧပြီ ၁၂

**၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ဆုမွန် ဆုတောင်းစကားပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများနှင့် မိသားစုများက သင်္ကြန်သီချင်းများ သီဆိုဖျော်ဖြေ၍ ပျော်ရွှင်စွာ ရေပက်ကစားကြပြီး ပါဝင်ဆင်နွှဲကြသူများကို မြန်မာ့ရိုးရာအစားအစာတို့ဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲမည့် သင်္ကြန်မဏ္ဍပ် တည်ဆောက်ပြီးစီးနေမှုနှင့် စတုဒိသာကျွေးမွေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲနိုင်ရေး အလေးထားစီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်အတွင်းရှိ ရေကစားမဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၂**

၂၀၂၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်ကို ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ရည်ရွယ်၍ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ရေကစားမဏ္ဍပ် အပါအဝင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနား ခေတ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်နေမှုကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများကို မှာကြားသည်။**(အပေါ်ပုံ)**



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ပြည်သူများ စိတ်အေးချမ်းသာပျော်ရွှင်စွာ အပန်းဖြေနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေပြည်တော် လမ်းလျှောက် သင်္ကြန်အတွင်း ဝန်ကြီးဌာနမဏ္ဍပ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ ပျဉ်းမနားမြို့နယ် PNPT Sport Farm အတွင်း ပြည်သူများပျော်ရွှင်စွာ ရေကစားနေမှုနှင့် နေပြည်တော် ဘူတာကြီးအတွင်းရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ် ကြိုတင်ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်နှင့် ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာသင်္ကြန်မဏ္ဍပ်များတွင် နိုင်ငံကျော် သရုပ်ဆောင်များ၊ အဆိုတော်များ၏ တေးသီချင်းဖျော်ဖြေမှုများနှင့် ဝန်ကြီးဌာနများမှ ယိမ်းအကအဖွဲ့များဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုခံစားပြီး ပျော်ရွှင်စွာ ရေကစားနိုင်သည့်အပြင် လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများ အားလုံးပျော်ရွှင်စေရန် ကဏ္ဍများစွာပါဝင်ပြီး စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးဧည့်ခံကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီက ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ရေသဘင်ပွဲတော်အတွက် ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစေရေး အသိပေးနှိုးဆော်ရန်နှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။



ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မွန်းလွဲ ၁ နာရီတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲရုံး အစည်းအဝေးခန်းမ၌ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဌာနအသီးသီးမှ အရာထမ်းများနှင့် တွေ့ဆုံကာ ရန်ကုန်မြို့တော် ခန်းမ၌ ရေးအစဉ်အလာနှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပမည့်အပြင် မဟာဗန္ဓုလပန်းခြံလမ်းတွင် လမ်းလျှောက်သင်္ကြန်နှင့် ပြည်သူ့ရင်ပြင်တွင် ဖျော်ဖြေမှု၊ ရေပက်ကစားမှုနှင့် လမ်းလျှောက်သင်္ကြန်တို့ကိုပါ စီစဉ်ဆောင်ရွက်ပြီးဖြစ်၍ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြရန်၊ ပွဲတော်အတွက် လုပ်ငန်းကဏ္ဍအသီးသီးတွင် တာဝန်ယူရသူများအနေဖြင့်လည်း ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး အဘက်ဘက်မှ လစ်ဟင်းမှုမရှိစေရန် စေတနာထားပြီး လုပ်ဆောင်ကြရန်၊ သင်္ကြန်ပွဲတော်ပြီးဆုံးပါက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ရမည်ဖြစ်၍ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်စေရေး ဆောင်ရွက်ကြရန်နှင့် ယခုကာလ ကော်မတီ၏ အဓိကတာဝန်ကြီးများဖြစ်သော ရေစီးရေလာကောင်းမွန်စေရေး၊ သန့်ရှင်းသာယာသပ်ရပ်ရေး၊ ရေပေးဝေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကောင်းမွန်စေရေးလုပ်ငန်းများတွင် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားပြီး **(ဝဲပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဖားဆောင်းမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် တမူးမြို့၊ ရွှေဘိုမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့၊ ညောင်ဦးမြို့၊ တံတားဦး(လေကြောင်းမိုးလေဝသ)၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **မိုး/ဇလ**

## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ
## ညှိနှိုင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက် အခွန်နှင့် အကောက်ခွန်များကင်းလွတ်ခွင့်ပြုခြင်း

၁။ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့်အညီ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ခြင်းတို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်အရ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်များကို အောက်ပါအတိုင်း ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) ၁၇-၁၁-၂၀၂၂ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၈/၂၀၂၂) ဖြင့် ထုတ်ပြန်ထားသည့် ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ဘက်ထရီလျှပ်စစ်ကားနှင့် ယင်း၏ဘက်ထရီများအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၁၀-၂၀၂၂ ရက်မှ ၃၁-၃-၂၀၂၃ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ခ) ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်၊ နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ နှစ်ဘီးတပ်လျှပ်စစ်စက်ဘီး၊ လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ၊ အားသွင်းရုံဆိုင်ရာပစ္စည်းများနှင့် အားသွင်းစနစ်ဆိုင်ရာ ပစ္စည်းများအပေါ် ၁-၁-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၃ ရက်ထိ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ၃၀-၃-၂၀၂၃ ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ဘက်ထရီလျှပ်စစ်သုံး သုံးဘီး တပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များအပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs) ]၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအားလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်နှင့် ဘက်ထရီလျှပ်စစ်ကားအတွက် အထူးကုန်စည်ခွန်များကို ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိ ကင်းလွတ်ခွင့်ပြုပါသည်။

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၉၀/၂၀၂၂)ဖြင့် Completely Built-Up (CBU)စနစ်၊ Completely Knocked Down (CKD) စနစ်နှင့် Semi-Knocked Down (SKD) စနစ်တို့ဖြင့် ပြည်ပမှတင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသောအကောက်ခွန်နှုန်းများကို သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ထားပါသည်-

(၁) လမ်းပေါ်တွင်မောင်းနှင်နိုင်သည့်နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊

(၂) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ် (Bus) (Motor Vehicles for the transport of ten or more person including the driver)၊

(၃) ကုန်တင်ယာဉ် (Truck)၊

(၄) လူစီးယာဉ်(Motor Vehicles for the transport of person)၊

(၅) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicles for transport of person)၊

(၆) သုံးဘီးတပ်ယာဉ် (ကုန်တင်)(Three-wheeled vehicles for transport of Goods)၊

(၇) လူစီးနှစ်ဘီးတပ်လျှပ်စစ်မော်တော်ဆိုင်ကယ်(Electric Motorcycle)၊

(၈) လူစီးနှစ်ဘီးတပ်လျှပ်စစ်စက်ဘီး ( Electric Bicycle)၊

(၉) လူနာတင်ယာဉ် (Ambulances)၊

(၁၀) ထောင်ကား(Prison Vans)၊

(၁၁) နိဗ္ဗာန်ယာဉ်(Hearses)၊

(၁၂) အပိုဒ်ခွဲ (က)မှ (ဋ)ထိပါ လျှပ်စစ်သုံးယာဉ်များနှင့်စပ်လျဉ်း၍ တင်သွင်းခြင်းအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် တင်သွင်းခြင်းအတွက် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Part) များ။

(င) အထက်အပိုဒ်(ဃ)ပါ အမိန့်ကြော်ငြာစာသည် ၃၁-၃-၂၀၂၃ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ဆက်လက်၍ ၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်ထိ ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းများနှင့်စပ်လျဉ်း၍ အောက်ပါသက်သာခွင့်များကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးမော်တော်ယာဉ် (Battery Electric Vehicle-BEV) များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှ စတင်၍ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုခြင်း၊

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃-၂၀၂၅ အထိ ၁၀၀ % ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန် စသည်တို့အပေါ်၌အခွန်အခကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန် - မန္တလေးအမြန်လမ်း၊ B.0.T စနစ်ဖြင့်ဆောင်ရွက်သောလမ်း၊ ကျန်ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခများနှင့်စပ်လျဉ်း၍ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၅ အထိ"၂နှစ်"ကင်းလွတ်ခွင့်ပြုခြင်း။

၃။ အထက်အပိုဒ် ၁ ပါ အခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ အထက်အပိုဒ် ၂ ပါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်၊ စည်ပင်သာယာရေးကော်မတီများမှ အခြားသက်သာခွင့်များ ကင်းလွတ်ခွင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတားအသုံးပြုခများ ကင်းလွတ်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ Grant-AID အကူအညီဖြင့် သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားတည်ဆောက်ရေးစီမံကိန်း တံတားဆက်ခြင်းအခမ်းအနားကျင်းပ

လားရှိုး ဧပြီ ၁၂

**သံလွင်မြစ်ကူး (ကွမ်းလုံ)တံတား တည်ဆောက်ရေးစီမံကိန်းသည် တရုတ်-မြန်မာနယ်စပ် ချင်းရွှေဟော်မြို့နှင့် ၂၄ ကီလိုမီတာခန့်အကွာတွင်တည်ရှိပြီး ကွမ်းလုံတံတားသစ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက ယွမ်ငွေသန်းပေါင်း ၁၄၀ ဒသမ ၀၀ အကုန်ကျခံကာ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ Broad Vision Consultants ကုမ္ပဏီနှင့် China Yunnan Sunny Road & Bridge Construction ကုမ္ပဏီလီမိတက်တို့မှ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် တည်ဆောက်လျက်ရှိသော သံလွင်မြစ်ကူး (ကွမ်းလုံ)တံတား၏ စုစုပေါင်းတံတားအရှည် ၂၈၆ မီတာရှိပြီး ယာဉ်သွားလမ်းအကျယ် ကိုးမီတာရှိသော နှစ်လမ်းသွား တံတားအမျိုးအစားဖြစ်ကာ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ ဒသမ ၅ မီတာစီ ပါဝင်မည်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ ကွမ်းလုံဘက်ကမ်းချဉ်းကပ်လမ်းအရှည် ၃ ဒသမ ၉၈ ကီလိုမီတာနှင့် သိန္နီဘက်ကမ်း ချဉ်းကပ်လမ်းအရှည် ၀ ဒသမ ၃၃ ကီလိုမီတာ အသီးသီးရှိကြပြီး လမ်းနှင့် တံတားစုစုပေါင်းအရှည် ၄ ဒသမ ၅၉ ကီလိုမီတာရှိသည်။

တံတားအောက်ခြေ အုတ်မြစ်လုပ်ငန်းများနှင့် တံတားကိုယ်ထည်တိုင်လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ဆက်လက်၍ ပင်မတံတားတည်ဆောက်ရေးအပိုင်းဖြစ်သည့် Prestressed Concrete Box Girder အပိုင်းကို တည်ဆောက်ရာတွင်လည်း ပင်မတံတားတိုင်နှစ်တိုင်ဖြစ်သည့် P1 & P2 Pier တိုင်များမှ ရေလယ်ဘက်နှင့်ကုန်းပေါ်ဘက်သို့တစ်ဖက်တစ်ချက်စီကို အပိုင်းလိုက် တစ်ပိုင်းချင်းစီ ဝန်အားကိုမျှ၍ ချိန်ညှိသွန်းလောင်းသွားခြင်းပုံစံ Segmental Balanced Cantilever Method ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ တိုင်တစ်တိုင်ချင်းစီ ရေလယ်သို့ ၁၂ ပိုင်းဆောင်ရွက်ပေးရသကဲ့သို့ ကုန်းပေါ်တွင်လည်း ၁၂ ပိုင်းစီကို တစ်ပိုင်းချင်းစီ ပြိုင်တူအပိုင်းလိုက် တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေလယ်ဘက်တွင် သံလွင်မြစ်အလယ်၌ နောက်ဆုံးဆက်သောအပိုင်းကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

တံတား၏ PC Box Girder များအား အပိုင်းလိုက်ဆောင်ရွက်ခြင်း၊ တံတားဆက်ခြင်းအခမ်းအနားကို ဧပြီ ၁၂ ရက်က ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရ ဒုတိယအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဘက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး)နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများ တက်ရောက်သည်။

ယနေ့အထိ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သံလွင်တံတား(ကွမ်းလုံ) တံတားသစ်ကြီး တည်ဆောက်ပြီးပါက လားရှိုး - သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော်လမ်းသည် တရုတ် - မြန်မာ နှစ်နိုင်ငံအတွက် ကုန်သွယ်မှု အဓိကထွက်ပေါက်ဖြစ်လာမည်ဖြစ်ရာ မြန်မာနိုင်ငံဘက်ခြမ်းမှ ကြံ၊ ပဲ၊ ပြောင်းနှင့် နှမ်းအပါအဝင် အခြားလယ်ယာထွက်ကုန်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ဘက်ခြမ်းသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်၍ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သောကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ အရှည်ပေ ၄၀ ရှိသော တန် ၄၀ အထက် တင်နိုင်သည့် ကွန်တိန်နာယာဉ်ကြီးများဖြင့် ကုန်စည်သယ်ယူပို့ဆောင် ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ရာ နှစ်နိုင်ငံ နယ်စပ်ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့ မြန်ဆန်လာမည်ဖြစ်သောကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေးတို့ပိုမိုတိုးတက်မြင့်မားလာတော့မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် ဧပြီ ၁၂

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် အခြေခံစခန်းတည်ဆောက်၍ စစ်ကိုင်းတိုင်းဒေသကြီး နေရာအနှံ့ရှိ အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့ နှိပ်စက်သတ်ဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား နှိပ်စက်သတ်ဖြတ်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများအား Drop Bomb ချခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဘုန်းကြီးကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ ၎င်းတို့အားမထောက်ခံသည့် သာသနာ့နွယ်ဝင် ရဟန်းသံဃာများ၊ သီလရှင်များအား ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အပြစ်မဲ့ပြည်သူ ၁၅၉၃ ဦး၊ အုပ်ချုပ်ရေးမှူး ၉၂ ဦး၊ ကျောင်းဆရာ/ဆရာမ ၂၆ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၉၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၇ ဦးနှင့် အခြားဝန်ထမ်း ၅၄ ဦး၊ ရဟန်းသံဃာ ၂၈ ပါးတို့ သေဆုံးခဲ့ရသည်။ ထို့ပြင် စာသင်ကျောင်း ၁၂၄ ကျောင်း၊ ဆေးရုံ ၅ ရုံ၊ ရုံးဌာန အဆောက်အဦ ၁၉၀၊ ဘုန်းကြီးကျောင်း ၂၀ နှင့် လူနေအဆောက်အဦ ၂၆၄ လုံးတို့ ဖျက်ဆီးခံခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို လက်ရဲဇက်ရဲဖြင့် ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့ အတင့်ရဲစွာ လုပ်ဆောင်လာပြီး ဒေသခံပြည်သူများအပေါ် အကြောက်တရားဖြင့် ဖိနှိပ်မှုများပြုလုပ်လာခဲ့ကာ မတ်လ ၃၀ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ပေါက်ကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူ ကိုးဦးအား အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်၍ လူနေအိမ် ၆၂ လုံးအား မီးရှို့ဖျက်ဆီးခဲ့ပြီး အောင်ပွဲခံမှုများ ပြုလုပ်ခဲ့သည်။ ၎င်းအကြမ်းဖက်သမားများအနေဖြင့် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် ၎င်းတို့၏ အကြမ်းဖက်ဌာနချုပ် NUG ရုံးအဖြစ် တည်ဆောက်၍ ဧပြီ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်ရှိကြောင်း အကြမ်းဖက်မှုကို ရွံမုန်းနေသည့် ဒေသခံပြည်သူအချို့မှ အချိန်နှင့် နေရာအား တိကျစွာ သတင်းပေးပို့လာခဲ့သည်။

သတင်းပေးပို့ချက်အရ ကျေးရွာနှင့် အကွာအဝေးကို တွက်ချက်ကာ အပြစ်မဲ့ပြည်သူများ မထိခိုက်စေရေး တပ်မတော်အနေဖြင့် လေကြောင်းမှ အကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းမှုများ ဆောင်ရွက်ခဲ့ရာ PDF ခေါင်းဆောင် သန့်ဇင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း သိရှိရသည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်တွင် ၎င်းတို့အဆောက်အဦဖွင့်ပွဲအခမ်းအနား၌ ခင်းကျင်းပြသထားသည့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုမည့် လက်နက်/ခဲယမ်းများ ထပ်မံပေါက်ကွဲမှုကြောင့် ပြင်းထန်စွာပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ပိုမိုများပြားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ချိန်တွင် ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများအား လူသားတံတိုင်းသဖွယ် အကာအကွယ်ရယူခြင်း၊ ဓားစာခံအဖြစ်အသုံးချခြင်းများ ပြုလုပ်လေ့ရှိပြီး ၎င်းတို့၏ လှုပ်ရှားမှုများတွင်လည်း ကျေးရွာမိသားစုများကို အတင်းအဓမ္မ ပူးပေါင်းပါဝင်ဆောင်ရွက်စေမှုများ ပြုလုပ်လေ့ရှိကာ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူ ချေမှုန်းရေး၊ စစ်ဆင်ရေးများအား ဂျီနီဗာကွန်ဗန်းရှင်း (၄) ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict)ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးအား တိုက်ခိုက်ချေမှုန်းမှုနှင့်ပတ်သက်၍ ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ပထမဦးဆုံးကတော့ ဒီကန့်ဘလူဒေသ ပဇီကြီးကျေးရွာနဲ့ ပတ်သက်ပြီးတော့ နောက်ခံအခြေအနေကို သိထားဖို့လိုပါတယ်။ ဒီနှစ်မတ်လပိုင်းက ပဇီကြီးကျေးရွာ ဥက္ကဋ္ဌကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက စွပ်စွဲပြီးတော့ သတ်ဖြတ်ခဲ့တဲ့ အဖြစ်အပျက်တွေ ရှိခဲ့တယ်။ ပြီးရင်ပဇီကြီးကျေးရွာမှာ တစ်ရွာလုံးကို ခြိမ်းခြောက်ပြီး PDF အဖြစ် ခိုင်းတဲ့ဟာတွေရှိတယ်။ နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့တွေကိုလည်း သိပြီးဖြစ်ပါလိမ့်မယ်။ ဒီနောက်ပိုင်မှာတော့ NUG / CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ လှုံ့ဆော်နေတာတွေလည်း တွေ့ရလိမ့်မယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တချို့သော ကျေးရွာတွေမှာ ခုနကပြောတဲ့ သူတို့အကြမ်းဖက်ကိုပဲ အမည်ခံထားတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့လို ဟာမျိုးတွေ ပြီးရင်တော့ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ ရုံးတွေဖွင့်ဖို့ လှုံ့ဆော်နေတာတွေရှိပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဒီဒေသမှာ တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာ ရှိပါတယ်။ အခုဆိုရင်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှာ ဘုန်းကြီးတွေ၊ ရဟန်းတွေ၊ ကျောင်းဆရာ၊ ဆရာမတွေပြီးရင် အပြစ်မဲ့ပြည်သူလူထုကို စွပ်စွဲသတ်ဖြတ်တာ အများဆုံးဒေသဖြစ်ပါတယ်။ ပြီးရင်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာပဲ သူတို့ကို မထောက်ခံတဲ့သူတွေ၊ သူတို့ကိုမထောက်ခံတဲ့ရွာတွေကို မီးရှို့ဖျက်ဆီးတာလည်း အများဆုံးဖြစ်ပါတယ်။

ဒီမနက်ဖြစ်စဉ်မှာတော့ မနက် ၈ နာရီလောက်မှာ အဲဒီပဇီကြီးကျေးရွာမှာ NUG/CRPH အမည်ခံအဖွဲ့ သူတို့ပြောနေတဲ့ ရုံးခန်းဖွင့်ပွဲဆိုတဲ့ဟာ လုပ်ပါတယ်။ ပြီးရင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ၊ PDF အမည်ခံအဖွဲ့တွေရဲ့ ရုံးဖွင့်ပွဲဆိုတဲ့ဟာ လုပ်ပါတယ်။ ရုံးဖွင့်ပွဲဆိုတဲ့ဟာကိုလုပ်တဲ့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဟာနဲ့ပတ်သက်ပြီး တိုက်ခိုက်မှု ရှိပါတယ်။ တိုက်ခိုက်မှုရှိတဲ့အခါမှာတော့ ကျွန်တော်တို့ ဒီအခမ်းအနားမှာရှိနေတဲ့ PDF အမည်ခံအဖွဲ့တွေ သေဆုံးတယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါပြောရမယ်ဆိုရင်တော့ နိုင်ငံတော် အစိုးရ၊ ပြည်သူလူထုကိုဆန့်ကျင်လုပ်ဆောင်နေတဲ့ အဖွဲ့တွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အရင်တုန်းကအတိုင်း ပြောခဲ့ဖူးသလို ပုံတွေတက်လာတာလည်း တွေ့ရမှာဖြစ်ပါတယ်။ အဖွဲ့တွေ တော်တော်များများသည် ယူနီဖောင်းတွေနဲ့ ပုံတွေလည်းဖြစ်ပါတယ်၊ တချို့လည်း အရပ်ဝတ်နဲ့ ပုံပါချင်ပါမှာပေ့ါ၊ ဒါတွေကတော့ သူတို့အနေနဲ့ကတော့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ သေဆုံးသွားတယ်ဆိုရင် အရပ်သား သေဆုံးတယ်လို့ပြောတယ်။ သူတို့အောင်ပွဲရရင်တော့ PDF ပါဆိုပြီး ပြောတဲ့ဟာတွေ ရှိပါတယ်။ ဒီလိုစွပ်စွဲချက်တွေကတော့ ထွက်ပေါ်နေမှာပဲဖြစ်ပါတယ်။ ပြီးရင်ကျွန်တော်တို့ မြေပြင်သတင်းမှာလည်း ရရှိတဲ့ သတင်းအရ ဒါသည် ကျွန်တော်တို့ရဲ့ တိုက်ခိုက်မှု တစ်ခုတည်းကြောင့် ဖြစ်သွားတာမဟုတ်ပါဘူး။ မြေပြင်မှာတော့ အဲဒီအဖွဲ့တွေအနေနဲ့ အဲဒီနေရာလေးတစ်ဝိုက်မှာ သူတို့ PDF အဖွဲ့ကနေ အသုံးပြုနေတဲ့ မိုင်းတွေထောင်ထားတာတွေရှိတယ်။ ပြီးရင် ကျွန်တော်တို့ PDF အဖွဲ့ အသုံးပြုနေတဲ့ ယမ်းတွေ မိုင်းတွေကို သိုလှောင်ထားတဲ့ ခဲယမ်းထားရှိတဲ့ နေရာရှိတယ်။ အဲ့နေရာတည့်တည့်ကို ကျွန်တော်တို့ လက်နက်ထိမှန်တဲ့အတွက်ကြောင့်မို့လို့ ပေါက်ကွဲပြီးတော့ သေဆုံးသွားတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သတင်းအတိအကျ ရရှိထားပြီးဖြစ်ပါတယ်။ ဒီ PDF အမည်ခံအဖွဲ့တွေဟာ မြေပြင်လုပ်ဆောင်နေတာတွေဟာ တကယ့်စစ်ရာဇဝတ်မှုကို ကျူးလွန်နေတာဖြစ်တယ်။ မြေပြင်မှာ လုပ်ဆောင်နေတာတွေဟာ တကယ့်ရက်စက်ကြမ်းကြုပ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်တယ်။ သူတို့ရဲ့ လုပ်ဆောင်နေတဲ့ဟာတွေသည် သူတို့ကိုမထောက်ခံတဲ့ရွာ၊ မထောက်ခံတဲ့ ရွာတောင်မဟုတ်ဘူး ကြားနေတဲ့ရွာတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ ခြိမ်းခြောက်တာတွေ လုပ်တယ်။ ဒါ့အပြင် သူတို့အနေနဲ့ ကျွန်တော်တို့ မကြာခဏ သတင်းထုတ်ပြန်ပြီးဖြစ်တယ်။ ကျေးရွာတွေမှာရှိတဲ့ ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေကို ခံစစ်နေရာအဖြစ် အသုံးပြုတာတွေ ရှိတယ်။ ကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေကို ပိတ်ခိုင်းထားပြီး တချို့နေရာတွေမှာ သဲအိတ်တွေ ထပ်ပြီး ဘန်ကာသဖွယ် အသုံးပြုနေတဲ့ဟာမျိုးတွေ ရှိတယ်။ ဒါ့အပြင် သူတို့ရဲ့ ပို့ပြီးယုတ်မာမှုက ဘာကိုယုတ်မာလဲဆိုတော့ သူတို့တစ်ခုခု အခမ်းအနားတစ်ခုလုပ်ပြီး သင်တန်း ဥပမာပေ့ါနော် PDF အကြမ်းဖက်အဖွဲ့ မတက်မနေရ၊ တစ်အိမ်ကို တစ်ယောက်မတက်မနေရဆိုပြီး ခြိမ်းခြောက်တဲ့အနေနဲ့ တက်ခိုင်းတယ်။ ရက်ပိုင်းမှာ သင်တန်းဆင်းပွဲလုပ်တယ်။ လုပ်ပြီဆိုရင် မဖြစ်မနေ အိမ်တိုင်းက မိန်းမတွေ၊ ကလေးတွေပါ ထွက်ပြီးတော့ကျမှ အားပေးဝန်းရံတယ်ဆိုပြီး လုပ်တာတွေ တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့တောင်မှ စုံစမ်းစရာမလိုဘူး။ သူတို့ဆီကနေထွက်ပေါ်နေတဲ့ ပုံတွေက ကလေးတွေကအစ သေနတ်ကိုင်ထားတဲ့ ပုံတွေ တွေ့ရပါလိမ့်မယ်။ ကလေးတွေကအစ သူတို့အကြမ်းဖက်အဖွဲ့ကို ကြိုဆိုခိုင်းထားတာတွေ တွေ့ရပါလိမ့်မယ်။ ဒီလိုတိုက်ခိုက်တဲ့နေရာမှာ ကျွန်တော်ပြောသလို သူတို့ရဲ့ လက်နက်ခဲယမ်းတိုက်၊ ယမ်းတွေ သိုလှောင်ထားတဲ့နေရာ ထိမှန်ခဲ့တာရှိတယ်။ အဲဒီကနေ ပေါက်ကွဲခဲ့တာရှိတယ်။ အဲဒီကနေ ပေါက်ကွဲခဲ့တဲ့အတွက်ကြောင့်မို့လို့ ခုနကပြောတဲ့ သူတို့အတင်း ဝန်းရံခိုင်းထားတဲ့သူတွေပေ့ါ၊ PDF ထောက်ခံသူတွေ၊ ဒါမှမဟုတ် သူတို့ကိုကြောက်လို့ ဝန်းရံနေရတဲ့သူတွေရဲ့ ထိခိုက်ဒဏ်ရာ ရရှိမှုတော့ ရှိကောင်းရှိနိုင်တယ်လို့ပဲ ကျွန်တော် ဖြေချင်ပါတယ်ဗျ။




## ညောင်ဦးမြို့နယ်၌ သောက်သုံးရေ ဂါလန် ၁၆၀၀ လှူဒါန်း

ညောင်ဦး ဧပြီ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စုအတွင်း မန်ကျည်းတန်းတဲတိုက်သို့ ဝေမျှခြင်း ပရဟိတမိသားစုက ဧပြီ ၁၂ ရက် နံနက် ၁၁ နာရီအချိန်တွင် သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် အေးမေတ္တာရေအလှူတော်အသင်း တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ၊ တဲတိုက်၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေအလှူခံလာပါက ဝေမျှခြင်းပရဟိတအသင်းက သွားရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင်လည်း တောင်ဇင်းအုပ်စု မန်ကျည်းတန်းတဲတိုက်သို့ ဝေမျှခြင်းမိသားစုကသောက်သုံးရေ ဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း



## စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်နိုင်ရေးအတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

**မုံရွာ ဧပြီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး၌ ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်နိုင်ရေးအတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး အရှေ့ဘက် အာရုံခံတန်ဆောင်း လက်ပွားဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ၊ စစ်ကိုင်းမြို့၊ ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီးထံတော်မှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများထံ အလှူရှင်များက ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်နိုင်ရေးအတွက် အလှူငွေများ အသီးသီးပေးအပ်လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး ပုညရှင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ် ၂၄၄၀၀၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး အနောက်ဘက်ရင်ပြင်တော်ပေါ်တွင် တည်ဆောက်လျက်ရှိသည့် အလျား ၁၄၉ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၅၄ ပေ၊ ဗိမာန်တော်အကျယ် အလျား ၁၂၆ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေရှိ ပုညရှင်သာသနာ့ ဗိမာန်တော်ကြီး တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးမြို့နယ်၌ ဇီဝဓာတ်ငွေ့ထုတ်လုပ်သုံးစွဲနေမှုအား ကြည့်ရှုအားပေး

**မကွေး ဧပြီ ၁၂**

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ဧပြီ ၁၁ ရက် နံနက်ပိုင်းက မကွေးမြို့နယ် ရှားဖောင်းကန်ကျေးရွာအုပ်စု သံဘိုရွာသစ်ကျေးရွာ ဦးမျိုးသန့် နေအိမ်၌ ဇီဝဓာတ်ငွေ့ထုတ်လုပ်သုံးစွဲနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်အား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် တည်ဆောက်ပြီးစီးသည့် ဇီဝဓာတ်ငွေ့ တည်ဆောက် ထုတ်လုပ်သုံးစွဲနေမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးရွာသူကျေးရွာသားများ အနေဖြင့် နွားချေးမှတစ်ဆင့် ထုတ်လုပ်ရရှိသော ဇီဝဓာတ်ငွေ့အား သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှု လျှော့ချနိုင်ခြင်း၊ လျှပ်စစ်မီးမရရှိသည့် နေရာများတွင် ထင်းမီး အစားထိုး ချက်ပြုတ် အသုံးပြုနိုင်သဖြင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ခြင်း၊ ဓာတ်ငွေ့ ထုတ်လုပ်မှုမှ ထွက်ရှိလာသော နွားချေးသည် ဓာတ်ပြုထားသည့် သဘာဝမြေဩဇာဖြစ်၍ ပေါင်းပင်များ မပေါက်နိုင်သည့်အတွက် ပေါင်းရှင်းစရိတ် သက်သာခြင်း၊ ဓာတ်ပြုပြီးသော နွားချေး၏ အာနိသင် ပိုမိုကောင်းမွန်သဖြင့် အကျိုးများစွာ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇီဝဓာတ်ငွေ့ထွက်ရှိရန် တည်ဆောက်မှုနှင့် ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့အား ချက်ပြုတ်အသုံးပြုဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## ဘယ်လင်း - စွန်ရဲ - ရွှေလုံ့ဗိုလ် - ရဲရွာလမ်း၌ သံကူကွန်ကရစ်မြေထိန်းနံရံများ ဆောင်ရွက်



**ကျောက်ဆည် ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး အတွင်း ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ ဒေသအတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပျက်စီးနေသည့် လမ်းများ၊ လမ်းတာပေါင်များ၊ တံတားများကို ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘယ်လင်း-စွန်ရဲ-ရွှေလုံ့ဗိုလ်-ရဲရွာလမ်း လမ်းရေရှည်တည်တံ့ရေး တောင်ကျရေ တိုက်စားမှုကြောင့် ပျက်စီးခဲ့သော လမ်းတာပေါင်များအား သံကူကွန်ကရစ် မြေထိန်းနံရံများဖြင့် ပြန်လည်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပျက်စီးနေသည့် လမ်းတာပေါင်နေရာသည် လမ်း၏ ၅၇ ကီလိုမီတာနှင့် ၅၈ ကီလိုမီတာအတွင်းရှိ တံတား၏ ရေစီးအောက်ဘက်ခြမ်း ယခင်ကျောက်ရိုးစီမြေကာနံရံ အရှည် ၃၆ ဒသမ ၅၈ မီတာနှင့် တံတား၏ ရေဝင်အထက်ဘက်ခြမ်း ကျောက်ရိုးစီမြေကာနံရံ မီတာ ၂၀ ကို မန္တလေးတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ သတ်မှတ်အချိန်၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် သံကူကွန်ကရစ် မြေထိန်းနံရံများ ပြန်လည်ဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**




## ကျောက်ဖြူမြို့၌ သံလွင်ချောင်းဖြတ် "မေတ္တာပေါင်းကူး" တံတားဖွင့်လှစ်

**ကျောက်ဖြူ ဧပြီ ၁၂**

၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုသောအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာ နတ်ကျောက်ဘေး သံလွင်ချောင်းပေါ်ရှိ မေတ္တာပေါင်းကူးတံတားကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ရာ ပြည်တော်စည်ကုမ္ပဏီမှ တာဝန်ရှိသူများက တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခဲ့ကြသည်။

အဆိုပါ တံတားကို သင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် သင်္ကြန်ရေကစားသူများ ကျောက်ဖြူမြို့၏ သမိုင်းဝင်ကျောက်တစ်လုံး ဘုရားဖူးပြီးနောက် နတ်ကျောက်အနီး ပင်လယ်ကမ်းခြေတစ်လျှောက် လာရောက်အနားယူနိုင်စေရန် ရည်ရွယ်ကာ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

မေတ္တာပေါင်းကူးတံတားသည် အလျား ပေ ၁၁၀၊ အနံ ၁၀ ပေ၊ အမြင့် ၁၅ ပေ ရှိသော သံကူကွန်ကရစ်၊ သစ်သားတံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း**

# တိုးတက်မှုမြန်ဆန်သောနိုင်ငံ . . . ဗီယက်နမ်၏ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ချက်များအားလေ့လာခြင်း

ခန့်ဇော် (ကျေးလက်)

**အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်စွန်းတွင် တည်ရှိသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသည် ၂၀၂၁ ခုနှစ် လူဦးရေစစ်တမ်းအရ လူဦးရေ ၉၇ ဒသမ ၆ သန်းရှိပြီး ကမ္ဘာပေါ်တွင် ၁၆ ခုမြောက်၊ အာရှတွင် အဋ္ဌမမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိပြီး ကမ္ဘာ့ဘဏ်၏ ၂၀၁၈ လေ့လာချက်အရ ကျေးလက်ဒေသ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၁၃ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး မြို့ပြ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၉ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိသည်။**

ကမ္ဘာ့ဘဏ်၏ တစ်ဦးကျဝင်ငွေတိုင်းတာသည့် ဝင်ငွေအလယ်အလတ် အနိမ့်အဆင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအရ ဗီယက်နမ်နိုင်ငံ၏ ဆင်းရဲမှုနှုန်းသည် ၂၀၁၀ ပြည့်နှစ်က ၁၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ပြည့်နှစ်တွင် ၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။ နှစ်စဉ် ဆင်းရဲနွမ်းပါးမှုနှုန်းကို ပျမ်းမျှ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့် လျှော့ချနိုင်သည်ကို တွေ့ရသောကြောင့် စာရေးသူတို့နိုင်ငံအတွက် အတုယူစရာ နမူနာကောင်းများကို လေ့လာဖြစ်ခဲ့သည်။

**ဗီယက်နမ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ချက်များ**

ဗီယက်နမ်နိုင်ငံအစိုးရသည် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း အခြေခံအဆောက်အအုံကဏ္ဍနှင့် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အပံ့ပေးခြင်း၊ ဆင်းရဲနွမ်းပါးသည့် နိုင်ငံသားများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်း အပါအဝင် များစွာသော ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ နိုင်ငံ့စီးပွားရေးကိုမြှင့်တင်နိုင်ရန် ၁၉၈၆ ခုနှစ်တွင် ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးကို စတင်လှုပ်ရှား အသက်သွင်းခဲ့ပြီး ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ခဲ့သဖြင့် လူဦးရေ ၁၀ သန်းခန့် ဆင်းရဲမှုနွံထဲမှ ရုန်းထွက်နိုင်အောင် ကူညီပေးနိုင်ခဲ့သည်။

တစ်နေ့ တစ်ဦးချင်းဝင်ငွေ တစ်ဒေါ်လာထက်နည်းသည့် အလွန်အမင်းဆင်းရဲမွဲတေမှုမှာ သိသိသာသာ လျော့ကျလာခဲ့သည့်အတွက် တရုတ်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများထက်ပင် ဆင်းရဲမှုနှုန်းလျော့နည်းကြောင်း တွေ့ရပြီး ယင်းမှာ သင့်လျော်မှန်ကန်သည့် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ခြင်းကြောင့်ဟု ဆိုရပေမည်။

ဗီယက်နမ်နိုင်ငံသည် စပါးစိုက်ပျိုးမှုကိုအခြေခံသော စိုက်ပျိုးမွေးမြူရေး အဓိကပြုလုပ်သည့် နိုင်ငံဖြစ်ကာ ၁၉၈၇ ခုနှစ်မှစ၍ မြေယာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ခဲ့ပြီး ထိုသို့ ပြုလုပ်ခြင်း၏ ရလဒ်အဖြစ် စိုက်ပျိုးမွေးမြူရေးဆိုင်ရာထုတ်ကုန်များကို အဓိကတင်ပို့ရောင်းချသော နိုင်ငံဖြစ်လာခဲ့သည်ကို တွေ့ရသည်။

**မြေယာပြုပြင်ပြောင်းလဲရေး**

၁၉၈၇ ခုနှစ်တွင် မြေယာအသုံးပြုခွင့်ဆိုင်ရာဥပဒေပြဋ္ဌာန်းကာ တစ်ဦး (သို့) အဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထား၍ မြေယာများကို နှစ် ၂၀ မှ ၅၀ အကြား အသုံးပြုခွင့်ရရှိစေရေးဆောင်ရွက်ပေးခြင်း၊ မြေယာပိုင်ဆိုင်မှုမရှိသော ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးဒဏ် ခံစားခဲ့ရသော အိမ်ထောင်စုများအား မြေယာများ ခွဲဝေအသုံးပြုခွင့်ပေးအပ်ခြင်း၊ ၁၉၉၀ ပြည့်နှစ်များတွင် မြေယာအသုံးပြုမှုစနစ်များနှင့်စပ်လျဉ်း၍ ဈေးကွက်ဦးစားပေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ငွေကြေး/နည်းပညာအထောက်အပံ့များပေးပြီး ပုဂ္ဂလိကရင်းနှီးမှုများ တိုးမြှင့်ပေးခြင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေး ထုတ်လုပ်စွမ်းအား မြှင့်တင်ပေးခြင်း၊ မြေယာအသုံးပြုပိုင်ခွင့်အား ဥပဒေအရကာကွယ်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သည်။ အကျိုးဆက်အဖြစ် ယနေ့ ကမ္ဘာပေါ်တွင် သီဟိုဠ်စေ့ အများဆုံးတင်ပို့သည့် နိုင်ငံ၊ ကော်ဖီ ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့သည်။

**ဆင်းရဲမှုလျှော့ချရေး အမျိုးသားအဆင့်စီမံကိန်း (National Targeted Program on Poverty Reduction – NTP-PR)**

ဆင်းရဲမှုလျှော့ချရေး အမျိုးသားအဆင့်စီမံကိန်းကို ဆင်းရဲနွမ်းပါးပြီး ထိခိုက်လွယ်သည့် အိမ်ထောင်စုများ လူနေမှုအဆင့်မြင့်မားလာစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန် ၂၀၀၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့များပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

**အိမ်ရာထောက်ပံ့ပေးခြင်းအစီအစဉ်**

ထို့ပြင် ဆင်းရဲနွမ်းပါးသူများအတွက် အိမ်ရာလိုအပ်ချက်ပြည့်မီစေရန် ၂၀၃၀ ပြည့်နှစ်တွင် တန်ဖိုးသင့်တင့်သော အိမ်ရာတစ်သန်း တည်ဆောက်ပေးနိုင်ရန် စီစဉ်ခဲ့ပြီး နိုင်ငံတော်အစိုးရက ဆောက်လုပ်ရေးကုန်ကျစရိတ်များ လျှော့ချပေးခြင်း၊ ဝင်ငွေနည်းပါးသည့်မိသားစုများ ဝယ်ယူနိုင်စေရန်၊ ငွေကြေးလက်လှမ်းမီမှုရှိစေရန် ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အိမ်ရာပေါင်း ခုနစ်သိန်းခန့် တည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ ၂၀၁၄ ခုနှစ် အိမ်ရာဥပဒေ (Law on Housing 2014)အရ ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးပြည်သူများနှင့် သဘာဝဘေးကြောင့် ထိခိုက်ခံရသူများအား ထောက်ပံ့ပေးခြင်းဖြစ်သည်။

ထို့ပြင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန်၊ ချေးငွေရရှိမှု တိုးမြင့်လာစေရန်နှင့် ဆင်းရဲသူများအတွက် သင်တန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများ ထောက်ပံ့ပေးရန်၊ အထူးသဖြင့် ကျေးလက်ဒေသနှင့် တိုင်းရင်းသားလူနည်းစုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ အားကောင်းခိုင်မာလာစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများ လက်လှမ်းမီ တိုးတက်လာစေရေး ဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း အိမ်ရာဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ ပြန်လည်ထူထောင်ရေး၊ ပြည်တွင်းနေရပ်စွန့်ခွာသူ(IDP)များအား ပြန်လည်နေရာချထားရေးအတွက် ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ဒေသများရှိ သဘာဝဘေးကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးသွားသော ဆင်းရဲနွမ်းပါးနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ကျေးလက်အိမ်ရာပေါင်း ၁၇၁၂ လုံးကို ကျေးရွာပေါင်း ၃၈၅ ရွာ၌ ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ရခိုင် ပြည်နယ်အတွင်း ကျေးလက်အိမ်ရာပေါင်း ၂၂၈၁ လုံး တည်ဆောက်ပေးခဲ့သည်။

မြို့ပြနေပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများအတွက်လည်း တန်ဖိုးနည်း/တန်ဖိုးသင့်/အဆင့်မြင့်အိမ်ရာများ၊ အငှားအိမ်ရာများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိပြီး အိမ်ရာများကို အိမ်ရာနှင့် အဆောက်အဦဖွံ့ဖြိုးရေးဘဏ်(CHID) ဖြင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်အောင် စီစဉ်ပေးထားသည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွင်း အိမ်ခန်းပေါင်း တစ်သန်းခန့် ဆောက်လုပ်ပေးသွားရန် လျာထားခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အိမ်ခန်းပေါင်း ၅၀၆၀၀ ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ အိမ်ရာဖွံ့ဖြိုးရေး အစီအစဉ်များ ဆောင်ရွက်ပေးရာတွင် ကျေးလက်အိမ်ရာများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် နိုင်ငံတော်အစိုးရက ကျခံဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြို့ပြ အိမ်ရာများမှာမူ ကုန်ကျစရိတ်ကြီးမြင့်သဖြင့် အစိုးရအနေဖြင့် အလုံးစုံစိုက်ထုတ်ရန် ဘဏ္ဍာငွေအကန့်အသတ်ရှိသောကြောင့် သင့်တင့်မျှတသောနှုန်းထားဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

CHID ကဲ့သို့ ဖွံ့ဖြိုးရေးဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်အောင် စီစဉ်ပေးခြင်းသည်လည်း အလယ်အလတ်/ ဝင်ငွေနည်းမိသားစုများအတွက် ငွေကြေးလက်လှမ်းမီမှုရှိစေရန် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သို့ရာတွင် အများစုမှာ လက်လှမ်းမီမှု အားနည်းနေဆဲဖြစ်ကြောင်း တွေ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆောက်လုပ်ရေးကုန်ကျစရိတ်များ လျော့နည်းသက်သာစေရန် ဆောင်ရွက်ပေးခြင်း၊ ငွေကြေးလက်လှမ်းမီမှုရှိစေရန် စီစဉ်ပေးခြင်း၊ ငှားရမ်းခသက်သာစွာဖြင့် ငှားရမ်းနေထိုင်နိုင်ရန် အငှားအိမ်ရာများ ယခုထက်ပို၍တည်ဆောက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်လျှင် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး၊ လူနေမှု အဆင့်အတန်းမြင့်မားရေးကို ကောင်းစွာ အထောက်အပံ့ပြုနိုင်မည်ဟု သုံးသပ်မိသည်။

**စဉ်ဆက်မပြတ် ဆင်းရဲမှုလျှော့ချရေး အမျိုးသားအဆင့်စီမံကိန်း (National Targeted Program on Sustainable Poverty Reduction – NTP-SPR)**

NTP-SPR(၂၀၁၁-၂၀၁၅)နှင့် NTP-SPR(၂၀၁၆-၂၀၂၀)တို့ကို အပိုင်းလိုက်ဆောင်ရွက်ခဲ့ပြီး NTP-SPR တွင် ပရိုဂရမ် ငါးခုရှိသည့်အနက် ဘတ်ဂျက်အများဆုံးဖြစ်သည့် Program 135 (SPR-P135) မှာ အဆင်းရဲဆုံးရပ်ကွက်၊ တိုင်းရင်းသားလူနည်းစုများနှင့် တောင်တန်းဒေသ အဆင်းရဲဆုံးကျေးရွာ ၃၃၅ ရွာကို ပံ့ပိုးပေးသော အစီအစဉ်ဖြစ်သည်။ လက်ရှိတွင် NTP-SPR (၂၀၂၁-၂၀၂၅)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းဆင်းရဲနွမ်းပါးမှုနှုန်းကို ၁ မှ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ တိုင်းရင်းသားလူနည်းစု အိမ်ထောင်စုများအကြားတွင် ၃ ရာခိုင်နှုန်းနှင့် ဆင်းရဲသောခရိုင်များတွင် တစ်နှစ်လျှင် ၄ မှ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်ရွယ်ထားသည့်အပြင် ဆင်းရဲနွမ်းပါးနှင့် ဆင်းရဲလုနီးပါးအိမ်ထောင်စု အရေအတွက်ကို ၂၀၂၅ ခုနှစ်တွင် ထက်ဝက်ခန့် လျှော့ချနိုင်ရန် မျှော်မှန်းထားသည်ကို တွေ့ရသည်။

**ဗီယက်နမ်၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ချက်**

ခြုံငုံသုံးသပ်ကြည့်လျှင် အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်သည် ကျေးလက်ဒေသများနှင့် တိုင်းရင်းသားလူနည်းစုများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကထား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားတိုင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ လက်လှမ်းမီစေရေး တန်းတူအခွင့်အရေးရရှိစေရန် ဦးစားပေးဆောင်ရွက်ကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံကဲ့သို့ပင် ဆောင်ရွက်ရမည့်ဒေသ၊ ဧရိယာကို တိတိကျကျ သတ်မှတ်ပြီး ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

**❑ အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်သည် ကျေးလက်ဒေသများနှင့် တိုင်းရင်းသားလူနည်းစုများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကထား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားတိုင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ လက်လှမ်းမီစေရေး တန်းတူအခွင့်အရေးရရှိစေရန် ဦးစားပေး ဆောင်ရွက်ကြောင်းတွေ့ရ**

**❑ တရုတ်နိုင်ငံကဲ့သို့ပင် ဆောင်ရွက်ရမည့်ဒေသ၊ ဧရိယာကို တိတိကျကျ သတ်မှတ်ပြီး ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ**

**စိန်ခေါ်မှုများ**

လေ့လာချက်များအရ ဗီယက်နမ်အနေဖြင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများမှာ-

- သဘာဝဘေး အန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု၊
- ခရက်ဒစ်သုံးစွဲခွင့် ကန့်သတ်ချက်၊
- ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးရရှိမှု ကန့်သတ်ချက်များ ဖြစ်သည်။

**အခွင့်အလမ်းများ**

စိန်ခေါ်မှု၏တစ်ဖက်တွင် စောင့်ကြိုနေသော အခွင့်အလမ်းများမှာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်မည့် အဓိကအထောက်အပံ့ကောင်းများဖြစ်သည့် -

- ခိုင်မာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊
- လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တိုးချဲ့ဆောင်ရွက်နိုင်မှု၊
- အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှု၊
- ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတို့ ဖြစ်သည်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အစိုးရက တွန်းအားပေးဆောင်ရွက်ခဲ့၍ ဗီယက်နမ်သည် အရှေ့တောင်အာရှတွင် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးမှု အမြန်ဆန်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ (Gross Merchandise Volume) ၂၈ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့သည့်အပြင် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ GDP ၏ ၃၀ ရာခိုင်နှုန်းအထိ ဝေစုရရှိရန် မျှော်မှန်းထားသည်။

**ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့နိုင်မှု အခြေအနေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)**

ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုအား လေ့လာကြည့်ရာတွင်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို အမြောက်အမြား တင်ပို့မှုပြုလုပ်ပြီး သဘာဝအရင်းအမြစ်ဈေးကွက်တွင် အမြင့်ဆုံးတင်ပို့မှုမှာ ရေနံစိမ်းဖြစ်သည်။ ရေနံလုပ်ငန်းသို့ နောက်ကျမှ ဝင်ရောက်လာခဲ့ခြင်းဖြစ်သော်လည်း အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး ရေနံထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာခဲ့သည်။

စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးပုံစံမှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို အဓိကဦးစားပေးသည့်စီးပွားရေးပုံစံ (Manufacturing–focused and Services–oriented Economy)သို့ ဦးတည်၍

(က) ထုတ်လုပ်မှုပိုင်း နည်းပညာမြင့်များ သုံးစွဲနိုင်စေရေး၊
( ခ ) Value Chains တွင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပါဝင်လာစေရေး၊
( ဂ ) စီးပွားရေးတိုးတက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုနိုင်စေရေးအတွက် ကဏ္ဍစုံကောင်းမွန်စွာ မောင်းနှင်နိုင်မည့် ပိုမိုကောင်းမွန်သော Vertical Value Chains ကို အသုံးပြုရေးတို့ကို အဓိကထား အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့် ဆယ်စုနှစ်သုံးခု ကျော်လွန်ချိန်တွင် ဗီယက်နမ်သည် အာဆီယံဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI) ဆွဲဆောင်နိုင်သည့် အမြင့်ဆုံး သုံးနိုင်ငံတွင် ပါဝင်လာခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွား မြင့်မားရေးတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ၂၀၀၇ ခုနှစ်တွင် GDP အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် နှစ်ဆခန့် မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ၂၀၀၆ ခုနှစ်တွင် FDI ပမာဏ အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံခန့်ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization–WTO)သို့ ဝင်ရောက်ခဲ့ပြီးနောက်တွင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံခန့်အထိ တစ်မုဟုတ်ချင်း တိုးမြင့်သွားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ အမေရိကန်ဒေါ်လာ ၁၄၅ ဘီလီယံခန့်အထိ ရရှိခဲ့သည်။

ဗီယက်နမ်သည် ပစိဖိတ်ရပ်ဝန်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Trans–Pacific Partnership–TPP)နှင့် ၂၀၁၅ ခုနှစ်တွင် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး TTP ထဲသို့ ဝင်ရောက်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ကမ္ဘာ့ကုန်ထုတ်လုပ်မှုတန်ဖိုး ၄၀ ရာခိုင်နှုန်းခန့်ရှိ ဈေးကွက်ကြီးထဲသို့ အကောက်ခွန်မဲ့ ဝင်ရောက်ခွင့်ရရှိသွားခဲ့သည်။ ထိုနည်းတူ ၂၀၁၉ ခုနှစ်တွင်လည်း ဥရောပသမဂ္ဂအဖွဲ့(EU)နှင့် Trade Agreement ချုပ်ဆိုနိုင်ခဲ့ပြန်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပြီး သက်သာသည့် အခွန်နှုန်းထားဖြင့် ပို့ကုန်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိခဲ့ကြောင်း တွေ့ရသည်။

ပြည်ပပို့ကုန်များ၏ စုစုပေါင်းတင်ပို့နိုင်မှု(Gross Exports)တန်ဖိုးမှာ ၁၉၉၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာ ငါးဘီလီယံခန့်သာ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၉ ဘီလီယံအထိ ရှိခဲ့သည့်အတွက် နှစ်ပေါင်း ၃၀ ကာလအတွင်း ၁၃ ဆကျော် မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ယင်းတွင် တန်ဖိုးမြှင့်ပြည်တွင်းထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်မှုမှာ ၆၈ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထုတ်လုပ်သည့် တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့နိုင်မှုမှာ ၃၂ ရာခိုင်နှုန်းခန့်ရှိသည်ကို အားကျဖွယ်တွေ့မြင်ရသည်။

**မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့နိုင်မှုအခြေအနေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)**

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုကို လေ့လာကြည့်ရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ခေတ်ငွေ့ပြီးလျှင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အများဆုံးတင်ပို့နိုင်သည်ကိုတွေ့ရပြီး အထည်ချုပ်လုပ်ငန်း၏ ပို့ကုန်ပမာဏမှာ တတိယအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ၁၉၉၀ ပြည့်နှစ်တွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ပြည်ပတင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆၁၆ သန်းခန့်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံခန့်အထိ ရောက်ရှိလာသည့်အတွက် တရိပ်ရိပ် တိုးတက်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) မှာ ၂၀၁၉ ခုနှစ်တွင် ၁ ရာခိုင်နှုန်းခန့်သာရှိပြီး ၂၀၂၀ ပြည့်နှစ် မေလအထိ စာရင်းအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၁၅ ဘီလီယံခန့် သာရရှိခဲ့သည်ကို တွေ့ရသည်။

**ဗီယက်နမ်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး(GDP)**

နိုင်ငံနှစ်ခု၏ GDP ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ် စာရင်းအရ ငါးဆကျော် ကွာခြားနေသည်ကို တွေ့ရသလို တစ်ဦးချင်း GDP မှာလည်း သုံးဆခန့်ကွာခြားနေသည်ကို တွေ့ရသည်။

| | ဗီယက်နမ်နိုင်ငံ(USD) | မြန်မာနိုင်ငံ(USD) |
|---|---|---|
| Annual GDP (2021) | ၃၆၆,၂၀၁ သန်း | ၆၅,၀၉၂ သန်း |
| GDP per Capita (2021) | ၃,၇၅၇ | ၁,၂၁၀ |

Source: https://countryeconomy.com/countries/compare/burma/vietnam

**ဗီယက်နမ်နှင့် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်သီးနှံများ တင်ပို့နိုင်မှုအပေါ် နှိုင်းယှဉ်သုံးသပ်ချက်**

ဗီယက်နမ်၏ စိုက်ပျိုးသီးနှံထွက်ကုန်များကို တရုတ်၊ အမေရိကန် အပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိရာ တရုတ်နိုင်ငံပြီးလျှင် အမေရိကန်နိုင်ငံသည် ဗီယက်နမ်၏ ဒုတိယအကြီးဆုံး သစ်သီးဈေးကွက်ဖြစ်ပြီး နှစ်စဉ်သီးနှံတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့် ဗီယက်နမ်မှ တင်ပို့လျက်ရှိသည်။ ဗီယက်နမ်၏ သစ်သီးပို့ကုန်များကို လေ့လာကြည့်ရာတွင် ၄က်ပျောသီး၊ ပိန္နဲသီး၊ သရက်သီး၊ ဒူးရင်းသီး၊ နဂါးမောက်သီး၊ နာနတ်သီး၊ လိုက်ချီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ထောပတ်၊ ပင်မှည့်သီး၊ ဩဇာသီး စသည်တို့ကို နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ်တွင် ဒူးရင်းသီးတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၂၀ ကျော်ရရှိခဲ့သည့်အပြင် ကမ္ဘာ့အဆင့် ဒူးရင်းသီးတင်ပို့နိုင်မှုအများဆုံး သုံးနိုင်ငံ၌ ဒုတိယနေရာမှ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်မူ IFPRI ၏ Agri–food Trade in Myanmar (၂၀၂၀ ဒီဇင်ဘာ) စစ်တမ်းအရ စိုက်ပျိုးသီးနှံအမျိုးအစားစုံ ၁၅၀ ခန့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသော်လည်း ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလအထိ အများဆုံးတင်ပို့သည့်သီးနှံများမှာ ပဲ၊ နှမ်း၊ ကြက်သွန်၊ ဖရဲ၊ ဆန်စပါး၊ ရော်ဘာ၊ ပြောင်းတို့ဖြစ်ကြောင်း တွေ့ရသည်။

**ပြည်ပပို့ကုန်တင်ပို့နိုင်မှု နမူနာနှိုင်းယှဉ်ပြဇယား**

| စဉ် | ပစ္စည်း အမျိုးအစား | ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့နိုင်မှု | | | မြန်မာနိုင်ငံ၏ပြည်ပပို့ကုန်တင်ပို့နိုင်မှု | | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး(USD) | ကာလ | တန်ချိန် | တန်ဖိုး(USD) | ကာလ |
| ၁။ | ဆန် | ၁.၁၄ သန်း | ၇၁၅ သန်း | ၂၀၂၂ (ပထမ ၃လ) | ၂.၅ သန်း | ၇၆၀ သန်း | ၂၀၁၉-၂၀၂၀ |
| ၂။ | ပဲမျိုးစုံ | ၀.၀၃၅သန်း | ၀.၁၁၉ သန်း | ၂၀၂၁ | ၁.၅၅ သန်း | ၁.၁ ဘီလီယံ | ၂၀၁၉-၂၀၂၀ |
| ၃။ | ရေထွက်ကုန် | - | ၈.၉ဘီလီယံ | ၂၀၂၁ | ၀.၇သန်း | ၈၅၃.၁၄ သန်း | ၂၀၁၉-၂၀၂၀ |
| ၄။ | သရက်သီး | ၀.၆ သန်း | ၃၁၀ သန်း | ၂၀၂၁ | ၀.၀၀၂ | ၀.၉၇ သန်း | ၂၀၁၉-၂၀၂၀ |
| ၅။ | ကော်ဖီ | ၁.၇၈ သန်း | ၄.၀၆ ဘီလီယံ | ၂၀၂၂ | ၅၀၀ | ၁.၀~၄.၀ သန်း | ၂၀၁၉-၂၀၂၀ |
| ၆။ | ဒူးရင်းသီး | - | ၄၂၀ သန်း | ၂၀၂၂ (မေပြီ-ဒီဇင်ဘာ) | - | - | |

Source: Website Data & Agri-food Trade in Myanmar

**သုံးသပ်တွေ့ရှိချက်**

**စာရေးသူ လေ့လာမိသလောက်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှာ ကော်ဖီအပါအဝင် အများစုသည် ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်(Value added products) များ ထုတ်လုပ်တင်ပို့နိုင်မှု အားနည်းသဖြင့် ဝင်ငွေအရ အဆပေါင်းများစွာ ကွာခြားနေကြောင်း တွေ့ရသည်။ ဗီယက်နမ်၏ ကော်ဖီတစ်မျိုးတည်းမှ ဝင်ငွေကပင် မြန်မာနိုင်ငံ၏ သီးနှံခြောက်မျိုးပေါင်း တစ်နှစ်ဝင်ငွေထက် နှစ်ဆနီးပါး များပြားနေသည်။** သို့သော် စာရေးသူတို့နိုင်ငံ၌ တရားမဝင် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် ပြည်ပတင်ပို့မှုများ ရှိနေနိုင်သည်မှာလည်း သတိပြုစရာဖြစ်သည်။

မည်သို့ဆိုစေ ဈေးကောင်းရရန်၊ ပြည်ပတင်ပို့နိုင်ရန် ဆိုရာတွင် ဈေးကွက်ဝင်အရည်အသွေးဖြစ်ရေးက အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ ဒူးရင်းသီးဆိုလျှင် မြန်မာနိုင်ငံ၌လည်း ဧကများစွာ စိုက်ပျိုးသည်။ သို့သော် မျိုးနှင့် အရွယ်အစားကွာသဖြင့် ဈေးကွက်ဝင်မဖြစ်ဘဲ ပြည်ပတင်ပို့နိုင်မှု ပမာဏနည်းသည်ကို တွေ့ရသည်။ ကမ္ဘာတွင် ဒူးရင်းသီးစိုက်ပျိုးတင်ပို့နိုင်သည့် နိုင်ငံများအနက် ထိပ်တန်းမှပါဝင်သည့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားတို့မှာ ဒူးရင်းသီးကို အလုံးလိုက်သာမက အေးခဲ၍(Frozen)ပို့သလို တန်ဖိုးမြှင့်ထုတ်ကုန်အနေဖြင့် ဒူးရင်းသီးခြောက်လုပ်ပြီး ပို့သည်ကိုလည်း တွေ့ရသည်။

စာရေးသူတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်ရန်၊ ဈေးကွက်ဝင်ဖြစ်ရန်၊ ပြည်ပတင်ပို့နိုင်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်သွားရန်လိုသည်။ **ထိုသို့ဆောင်ရွက်ရာတွင် တစ်နှစ်လျှင်ရာခိုင်နှုန်းမည်မျှအထိ တိုးမြှင့်ထုတ်လုပ်မည်၊ GDP ရာခိုင်နှုန်းမည်မျှတိုးမြှင့်အောင် ဆောင်ရွက်မည်၊ ဆင်းရဲမှုနှုန်းကို ရာခိုင်နှုန်းမည်မျှ လျှော့ချမည် စသည်ဖြင့် နိုင်ငံအဆင့်မျှော်မှန်းချက်များကို တိတိကျကျ သတ်မှတ်လျာထားသင့်သည်။** စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကုန်ချောအဆင့်အထိ ပြုလုပ်နိုင်မည်၊ သပ်ရပ်သည့်ထုပ်ပိုးမှုပုံစံဖြင့် အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပပို့ကုန်တန်ဖိုး မြင့်တက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားမြင့်မားရေး၊ GDP မြင့်တက်လာစေရေး၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် များစွာ အထောက်အကူပြုမည်ဟု သုံးသပ်မိပါသည်။

ထို့ပြင် ဗီယက်နမ်သည် WTO အဖွဲ့ဝင်နိုင်ငံဖြစ်သလို TPP အဖွဲ့၊ EU အဖွဲ့တို့နှင့်လည်း သဘောတူစာချုပ်များ ချုပ်ဆိုထားရှိသည့်အတွက် ကမ္ဘာ့ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ပြီး အခွန်အခ ပေးဆောင်ရမှုကအစ သက်သာသောနှုန်းထားဖြင့် လုပ်ကိုင်ခွင့်ရရှိနေသည်။ စာရေးသူတို့ နိုင်ငံအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ထုတ်လုပ်ရုံအပြင် ဈေးကွက်ဝေစုရရှိရန်လည်း စဉ်းစားကြရမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် အာဆီယံဒေသတွင်း ဈေးကွက်နှင့် အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းစသည့် အိမ်နီးချင်းနိုင်ငံများကို ဦးတည်ချက်ထားပြီး ဈေးကွက်ဝေစု အခိုင်အမာရရှိအောင် ကြိုးစားသင့်သည်။ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်လုပ်မှု(Domestic Value Added)သာမက ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံထုတ်လုပ်မှု(Foreign Value Added)ကိုပါ တိုးမြှင့်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဗီယက်နမ်သည် ကုန်သွယ်ရေးကဏ္ဍတွင် ဖြေလျှော့ပေးမှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး အချို့စီးပွားရေးကဏ္ဍများကို နိုင်ငံတကာဈေးကွက်သို့ ဖွင့်လှစ်ပေးခဲ့ကာ နှစ်လမ်းသွားနည်းလမ်းကို အသုံးပြုခဲ့သည်ကို တွေ့ရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွားမြင့်မားရေးတွင် အလွန်အရေးပါသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးအတွက် ခိုင်မာအားကောင်းသည့် မူဝါဒများ ချမှတ်ထားရှိပြီး FDI ရာခိုင်နှုန်းမည်မျှအထိ တိုးမြှင့်လာအောင် ဆောင်ရွက်မည်ဆိုသည်ကို တိတိကျကျသတ်မှတ်ကာ မျှော်မှန်းချက်ထား ဆောင်ရွက်ရန် လိုသည်။

မျှော်မှန်းချက်ပန်းတိုင် တိတိကျကျရှိမှသာ ခရီးရောက်မှု ပိုမိုမြန်ဆန်မည်ဖြစ်၍ ကဏ္ဍအလိုက် မျှော်မှန်းချက်များ သတ်မှတ်ဆောင်ရွက်သင့်သည်။ လက်ရှိ စီးပွားရေးမူဝါဒအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို ဦးစားပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုများ၊ စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံး အထူးသတိချပ်ကြရန် အကြံပြုတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**


- Global Value Chains in ASEAN (Vietnam) Paper 11 (May 2020)
- Global Value Chains in ASEAN (Myanmar) Paper 7 (February 2021)
- Vietnam's Law on Housing 2014
- https://www.cfr.org/backgrounder/what–trans–pacific–partnership–tpp
- https://www.wilsoncenter.org/sites/default/files/media/documents/publication/ vietnam takes on trans pacific partnership.pdf
- https://policy.trade.ec.europa.eu/eu–trade–relationships–country–and–region/ countries–and–regions/vietnam/eu–vietnam–agreement en
- https://en.vietnamplus.vn/govt–approves–20212025–national–target–programme–on–sustainable–poverty–reduction/220972.vnp
- NATIONAL TARGET PROGRAMS FOR NEW RURAL DEVELOPMENT AND SUSTAINABLE POVERTY REDUCTION SUPPORT PROGRAM (NTPSP) PROGRAM–FOR–RESULTS OF THE WORLD BANK (June 9, 2017)
- Agri–food Trade in Myanmar (Strategy Support Program, Working Paper 06 (December 2020), IFPRI)
- https://wtocenter.vn/tin–tuc/21495–coffee–exports–bright–spot–for–vietnam–agriculture– in–2023
- https://www.tridge.com/intelligences/coffee–bean/MM

# မဟာဝိဇယ စေတီတော်ကြီး၌ ဘာနုရာဇာ နေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် "မုစ္စလိန္ဒာ နဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်န်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစီဝရာ ပဋ္ဌပဋ္ဌိမာမြတ်စွာဘုရား ဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁)ရက် ၂၀၂၃ ခုနှစ် ဧပြီလ ၁၇ ရက် (တနင်္လာနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်မည် ဖြစ်ပါသည်။

၂။ နေမင်းကြီးက မြတ်စွာဘုရားရှင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြပါက အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ၊ မရှိရလေအောင် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့**

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်း၍ ခိုလမ်မြို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူ

**နေပြည်တော် ဧပြီ ၁၂**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်



လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တရုံသီ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ဆက်ကပ် လောင်းလှူကြသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၁၁၅ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**

## မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*✳ ကျောဖုံးမှ*

ယင်းနောက် အပြီးသတ်ရွေးချယ်ခြင်းကို မေ ၉ ရက်၊ ၁၀ ရက်တို့တွင် မန္တလေးမြို့ မြန်မာဘောလုံးအကယ်ဒမီတွင် လည်းကောင်း၊ မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်အမျိုးသားဘောလုံးအကယ်ဒမီတွင် လည်းကောင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကစားသမားစာရင်းကို မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ FIFA–MFF TDS Scouting Tour 2023 အစီအစဉ်၏ ဒုတိယအကြိမ် ကစားသမားရွေးချယ်ခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

လာရောက်ရွေးချယ်ခံမည့် လူငယ်များအနေဖြင့် မှတ်ပုံတင်၊ ကျောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့် မွေးစာရင်းတို့ကို ယူဆောင်လာရမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည့် လျှောက်လွှာတွင် ဖြည့်စွက်၍ သက်ဆိုင်ရာမြို့နယ်များရှိ အားကစားနှင့် ကာယပညာဦးစီးဌာနများသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ရွေးချယ်မည့်ရက်မတိုင်မီ တစ်ရက်အလိုတွင် လျှောက်လွှာတင်သွင်းမှု စာရင်းပိတ်မည်ဖြစ်ကြောင်း သိရသည်။

FIFA–MFF TDS Scouting Tour 2023 အစီအစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာနမှ ဆောင်ရွက်မည်ဖြစ်ပြီး ဝါရင့်မြန်မာ့လက်ရွေးစင်ဟောင်းများ ဖြစ်သည့် ဦးတင်အောင်(ကိုး)၊ ဦးအေးမောင်ကြီး၊ ဦးခင်မောင်လေး၊ ဦးငွေထွန်းတို့က အဖွဲ့လေးဖွဲ့၏ ခေါင်းဆောင်များအဖြစ် အသီးသီးဦးဆောင်၍ ကစားသမားရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ကစားသမားရွေးချယ်ခြင်းများကို ဧပြီ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံးအကယ်ဒမီကွင်း၊ ဧပြီ ၂၁ ရက်တွင် ပဲခူးမြို့ရှိ တိုင်းအားကစားကွင်း၊ ဧပြီ ၂၂ ရက်တွင် ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ်ကွင်း၊ ဘားအံမြို့ရှိ အောင်သံလွင်ကွင်း၊ ဧပြီ ၂၃ ရက်တွင် ပြည်မြို့ရှိ ခရိုင်ကွင်း၊ ဧပြီ ၂၄ ရက်တွင် မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီကွင်း၊ မော်လမြိုင်မြို့ရှိ ကျောင်းသားကွင်း၊ ဧပြီ ၂၅ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း–၁၊ ဧပြီ ၂၆ ရက်တွင် စစ်တွေမြို့ရှိ ဝေသာလီကွင်းနှင့် လားရှိုးမြို့ရှိ ခရိုင်ကွင်း၊ ဧပြီ ၂၇ ရက်တွင် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်းနှင့် ဧပြီ ၂၈ ရက်တွင် ထားဝယ်မြို့ရှိ တိုင်းအားကစားကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – MFF**

## အလှထူးတဲ့ လ တန်ခူး

(တန်ခူးလဘွဲ့ အဲချင်း)

✳ တန်ခူးရယ်မှ ရာသီလေ
စိတြမည်စွာ ၊ ကြယ်တာရာနှင့်
စန္ဒာ လမင်း ၊ တူပြိုင်လင်းလို့
ရှုခင်းသာလှ ၊ တိမ်စုံခသည်
မိဿ အမှန်
တစ်နှစ်ပြောင်းလို့ ၊ နှစ်ဟောင်းကိုလှသည်
အမှန် ညီပါ လို့လေး ။

✳ ပန်းချီရယ်မှ မှိုင်ငေး
မကာရံရွက်ချွန် ၊ တိမ်ရွက်ကွန်နှင့်
မိုးစွန် တလွှား
ခြယ်ထားမနေး ၊ စုတ်နှင့်ရေးသို့
အသွေးရယ်မှ စိုစို
ထက်ခွင် အာကာ
ဖွေ ဂဋ္ဌာမှာ ၊ ဝေဖြာခဲ့ပြီ
ရောင်စုံချီလို့ ၊ တိမ်ပလီရယ်က
သာမောဘွယ် ဆိုမည်
တန်ခူးဆို အတာပွဲရယ်က
ဆင်နွှဲရန် များ။

✳ တလွှားရယ်မှ မြေပြင်
ရင်ခတ်ကြိုင်လျှမ်း ၊ သစ်ခွပန်းနှင့်
ပန်းများသနင်း ၊ ကံ့ကော်သင်း၍
အဆင်းလှစွာ ၊ ငွေခတ္တာလျှင်
တစ်သွယ်ဆင်လို့
ဖြစ်စဉ်မှ အညီ
ရွှေရည် လျှမ်းတောက်
ပန်းပိတောက်တို့ ၊ လမ်းတစ်လျှောက်မြိုင်မြိုင်
ပင်လုံးငယ်လှိုင်လို့ ၊ အပြိုင်ငယ်ချီသည်
ငုသိင်္ဂီ အသွင်တင့်ပါဘိ
ပင်မြင့်ယံထဲ။

✳ တံငါရောင်လျှပ်
တာရာမြတ်နှင့် ၊ နက္ခတ် ရေဝတီ
နှစ်ကူးလည်၍ ၊ ရာသီ သစ်ဦး
ပုရစ်ဖူးနှင့် ၊ အထူးရွှာဖြိုး
အတာမိုးလည်း ၊ လွမ်းမျိုး ဖွဲ့သီ
အို ဘယ်နှယ် ကြည်ပါ့မယ်
ဖော်မညီ တစ်ကိုယ်ရေးသို့
ပူဆွေးမြဲ လေး ။ ။

*လှဝေ(ကေတုမတီ)*

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်း မပြုပါနှင့်။

# ဆိုမာလီယာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးပေါ်လိုအပ်သည်ဟု ကုလသမဂ္ဂအကြီးအကဲတောင်းဆို

**မိုဂါဒစ်ရှူး ဧပြီ ၁၂**

ငတ်မွတ်ခေါင်းပါးမှု ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည့် ဆိုမာလီယာနိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုများကာကွယ်ပေးရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးပေါ်လိုအပ်သည်ဟု အလှူရှင်နိုင်ငံများကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တောင်းဆိုလိုက်သည်။



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ဆိုမာလီယာနိုင်ငံသို့ နှစ်ရက်တာ ခရီးစဉ်သွားရောက်နေခြင်းဖြစ်သည်။ ဧပြီ ၁၁ ရက်က ဆိုမာလီနိုင်ငံသို့ ရုတ်တရက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ကပ်ဘေးမှ ရှောင်ရှားနိုင်ရေးအတွက်အကူအညီများအရေးပေါ်လိုအပ်သည်ဟု ၎င်းကပြောသည်။ ဧပြီလမှ ဇွန်လအတွင်း ဆိုမာလီ ၆ ဒသမ ၅ သန်းမှာ စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ငတ်မွတ်ခေါင်းပါးမှု ဘေးအန္တရာယ်မှာ ဆက်လက်ရှိနေဆဲဖြစ်သည်ဟု သတင်းထောက်များနှင့် တွေ့ဆုံစဉ် အန်တိုနီယို ဂူတာရက်စ်က ပြောသည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် မိုးခေါင်မှုနှင့် ငါးနှစ်ဆက်တိုက် ကြုံတွေ့နေရသည့် ဆိုမာလီယာနိုင်ငံတွင် လက်ရှိအခြေအနေမှာ စိုးရိမ်စရာပင်ဖြစ်သည်။ ပျက်စီးမှုကြီးမားသည့် မိုးခေါင်မှုကြောင့် ၂၀၂၂ ခုနှစ် တစ်နှစ်တည်းတွင်ပင် အသက်ပေါင်း ၄၃၀၀၀ ဆုံးရှုံးခဲ့ရသည်။ ဆိုမာလီနိုင်ငံသား ၁ ဒသမ ၄ သန်းမှာ နေရပ်စွန့်ခွာခဲ့ရသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်ရသူများထဲတွင် ကလေးနှင့် အမျိုးသမီးမှာ ၈၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။

အစားအသောက်ဈေးနှုန်းများ ကြီးမြင့်လာခြင်းသည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေပြီး မိုးခေါင်မှုကြောင့် ဆင်းရဲမှုနှင့်ထိခိုက်ခံစားနေရသည့်ပြည်သူများမှာ ငတ်မွတ်မှုကပ်ဘေးသို့ ရောက်လုနီးနီးဖြစ်လာသည်။ လူပေါင်း ၈ ဒသမ ၂၅ သန်းမှာ ရာသီဥတုဒဏ်ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေပြီး အလှူရှင်များက အကူအညီပေးကြရန်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် က ပြောကြားခဲ့သည်။

ဆင်ဟွာ

# အာဖရိက လေးနိုင်ငံသို့ အလည်အပတ်ခရီးသွားရန် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ စီစဉ်နေ

**တိုကျို ဧပြီ ၁၂**



ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဧပြီလနှောင်းပိုင်းမှ မေလအစောပိုင်းအထိ အားလပ်ရက်ကာလအတွင်း အာဖရိက လေးနိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်ရန် စီစဉ်နေကြောင်း သိရသည်။

ဝန်ကြီးချုပ် ကီရှီဒါအနေဖြင့် မေလတွင် ဟီရိုရှီးမား၌ ပြုလုပ်မည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ အာဖရိကရှိ အီဂျစ်၊ ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံတို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း ဧပြီ ၁၁ ရက်တွင် အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆူနို ဟီရိုကာဇူက ပြောသည်။

၎င်းသည် အာဖရိကနိုင်ငံများနှင့် တွေ့ဆုံစဉ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ထို့အပြင် ကီရှီဒါသည် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးစနိုင်ငံများနှင့် ဆက်ဆံရေးကို အားကောင်း ခိုင်မာလာစေရန် ယခုခရီးစဉ်က ကူညီပေးနိုင်မည်ဟုလည်း မျှော်လင့်ထားသည်။

ဂျပန်နိုင်ငံ အနေဖြင့် အာဖရိကတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် မိတ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ၌ သဲမုန်တိုင်းအတွက် အပြာရောင်အဆင့် သတိပေးချက်တိုးမြှင့်

ပေကျင်း ဧပြီ ၁၂

**တရုတ်နိုင်ငံအနှံ့အပြား၌ သဲမုန်တိုင်းအတွက် အပြာရောင်အဆင့် သတိပေးချက်ကို အမျိုးသားလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဧပြီ ၁၂ ရက်မှ ၁၃ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။**

လေပြင်း တိုက်ခတ်မှုနှင့် သဲမုန်တိုင်း တိုက်ခတ်မှုသည် ရှင်ကျန်း၊ အတွင်းမွန်ဂိုလီးယား၊ ဂန်းစု၊ နင်းရှား၊ ရှန်းရှီး၊ ဟူပေး၊ လောင်နင်း၊ ပေကျင်း၊ ထျန်းကျင်း၊ ရှန်တုန်း၊ ဟီနန်၊ အန်ဟွေး၊ ကျန်းစု၊ ရှန်ဟိုင်းနှင့် ရှီကျန်းစသည့် ဒေသများအပါအဝင် တရုတ်နိုင်ငံ ဒေသအများအပြား၌ ဝင်ရောက် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် လေပြင်းတိုက်ခတ်မှုနှင့် သဲမုန်တိုင်း တိုက်ခတ်မှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် ပြည်သူများအား အကြံပြုထားကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် မိုးလေဝသ သတိပေးချက်စနစ် အတွက် အရောင်ဖြင့် ခွဲခြားသတ်မှတ်သည့် အဆင့် လေးဆင့်ရှိကာ အနီရောင်သည် အပြင်းထန်ဆုံး သတိပေးချက်ကို ကိုယ်စားပြုပြီး ၎င်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့်ဟူ၍ ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကြက်ငှက်တုပ်ကွေး H3N8 ကြောင့် ပထမဆုံး လူသေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြော

**ပေကျင်း ဧပြီ ၁၂**

တရုတ်နိုင်ငံမှ အသက် ၅၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေး အမျိုးအစားခွဲ H3N8 ကြောင့် သေဆုံးသည့် ပထမဆုံးသူဖြစ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အဆိုပါ အမျိုးသမီးမှာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်မှဖြစ်ပြီး မတ် ၁၆ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဧပြီ ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။ ပြည်နယ်ကျန်းမာရေးအာဏာပိုင်များက ၎င်းတွင် သွေးကင်ဆာကဲ့သို့သော ရောဂါအခံရှိသူတစ်ဦးဖြစ်ကြောင်း ပြောသည်။

H3N8 ဗိုင်းရပ်စ်ကို ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပွားကြောင်း ပထမဆုံး အတည်ပြုခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်သည် လူသားများအကြား အလွယ်တကူ မကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံ၏ လူဦးရေ ၁၂ နှစ်ဆက်တိုက် ကျဆင်းလာ

**တိုကျို ဧပြီ ၁၂**

ဂျပန်နိုင်ငံ၏ လူဦးရေကျဆင်းလာသည်မှာ ၁၂ နှစ်ဆက်တိုက်ရှိလာပြီဖြစ်သည်။ သို့သော်လည်း တိုကျိုမြို့၏ လူဦးရေမှာ ပထမဆုံးအကြိမ်အဖြစ် နှစ်နှစ်ဆက်တိုက် တိုးလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်အထိ နိုင်ငံခြားသားနေထိုင်သူများအပါအဝင် ၁၂၄၉၄၇၀၀၀ ရှိသည်ဟု ပြည်တွင်းရေးရာကိစ္စရပ်များဆိုင်ရာ ဝန်ကြီးဌာနက ဧပြီ ၁၂ ရက်တွင် ပြောသည်။ အဆိုပါကိန်းဂဏန်းမှာ လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၄၄ ရာခိုင်နှုန်း လူဦးရေ ၅၅၆၀၀၀ ကျဆင်းသွားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် အသက် ၆၅ နှစ်အထက် လူဦးရေ ၃၆ ဒသမ ၂ သန်းရှိသည်။ အဆိုပါအရေအတွက်မှာ တိုင်းပြည်လူဦးရေ၏ ၂၉ ရာခိုင်နှုန်းရှိသည်။ အမြင့်ဆုံးရာခိုင်နှုန်းလည်း ဖြစ်သည်။ အသက် ၁၅ နှစ်အောက် လူဦးရေမှာ ၁၄ ဒသမ ၅သန်းရှိသည်။ ယင်းပမာဏမှာ တိုင်းပြည်စုစုပေါင်းလူဦးရေ၏ ၁၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

အနိမ့်ဆုံးစံချိန်လည်းဖြစ်သည်။ ဂျပန်နိုင်ငံရှိ ခရိုင် ၄၇ ခုတွင် တိုကျိုမှာ လူဦးရေတိုးတက်မှုနှုန်း အနည်းငယ်မြင့်လာသည်။တိုကျိုတွင် ဒေသခံပေါင်း၁၄ သန်း နေထိုင်လျက်ရှိသည်။ ၂၀၂၂ခုနှစ်တွင် လူပေါင်း ၄၄၀၀၀၀ မှာ တိုကျိုသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ခုနှစ်တွင် တိုကျိုသို့ ပြောင်းရွှေ့နေထိုင်သူ နည်းပါးသည်။ ကပ်ရောဂါအခြေအနေ လျော့ပါးသက်သာလာသည့်အတွက် မြို့ပြဒေသများသို့ လူများပြောင်းရွှေ့နေထိုင်လာကြသည်ဟု ပြည်တွင်းရေးရာ ကိစ္စရပ်များဆိုင်ရာ ဝန်ကြီးဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# စပိန်နိုင်ငံ၌ ၂၁ ရာစုအတွင်း မတ်လသည် ဒုတိယမြောက် အပူပြင်းဆုံးလဖြစ်

**မက်ဒရစ် ဧပြီ ၁၂**

နှစ်ပေါင်း ၃၀ ခန့်အတွင်း မိုးရွာသွန်းမှု အနည်းဆုံးနှင့်အတူ ပြီးခဲ့သည့်လသည် ၂၁ ရာစု၏ ဒုတိယမြောက် အပူပြင်းဆုံး မတ်လဖြစ်ကြောင်း ဧပြီ ၁၁ ရက်က စပိန်မိုးလေဝသအေဂျင်စီ၏နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မတ်လအစပိုင်းတွင် အေးမြသော ရာသီဥတုရှိသော်ငြား ပျမ်းမျှအပူချိန်မှာ စပိန်ပြည်မကြီးတွင် ၁၁ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်ရှိပြီး ၁၉၉၁-၂၀၂၀ ကာလက ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် ပိုလွန်ခဲ့ကြောင်း သိရသည်။

စပိန် အရှေ့တောင်ဘက်ရှိ မာစီယာမြို့တွင် စံချိန်တင်အပူချိန်မြင့်တက်မှုမှာ ၃၃ ဒီဂရီဆဲလ်စီးယပ်ရှိပြီး အာဖရိကအနောက်မြောက်ပိုင်း ကမ်းရိုးတန်းရှိ ကနာရီကျွန်းတွင် ပျမ်းမျှအပူချိန်မှာ သာမန်အပူချိန်ထက် သုံးဒီဂရီဆဲလ်စီးယပ် ပိုလွန်ခဲ့သည်။

ဆိုးရွားသော ရာသီဥတုကြောင့် စပိန်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အကုန်က စတင်ခဲ့သော မိုးခေါင်ရေရှားမှုအခြေအနေတွင် ဆက်လက်ရှိနေသေးကြောင်း ဂေဟဗေဒအကူးအပြောင်းဆိုင်ရာ ဝန်ကြီးဌာနက ပြောသည်။ ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့်လည်း စပိန်နိုင်ငံ၌ တောမီးရာသီ ဆောလျင်စွာ စတင်မှုကို ဖြစ်ပေါ်စေသည်။

ဆင်ဟွာ

## “မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ် ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ”

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင်အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲမမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာ စစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စ) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဘားအံ၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၂**

ဘားအံ၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၁၁ ရက် နံနက် ၆ နာရီတွင် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု နှိုင်းကြာကျေးရွာရှိ မြင့်ဌေး(ခ) စောဘဒို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၁၉၃ ပြားကိုလည်းကောင်း၊ အလားတူ ဧပြီ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာအုပ်စု မြို့သာကုန်းကျေးရွာတွင် နိုင်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု လိမ်ပင်ကျေးရွာရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၇၀ ကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)ရှိ လားရှိုး-မန္တလေးသွားကားလမ်းတွင် အောင်မြတ်ဦး(ခ)ကုလား မောင်းနှင်ပြီး မနန်းလှဟန်(ခ) ဝါဝါခိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀ ကိုလည်းကောင်း ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မြင့်ဌေး(ခ)စောဘဒို အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

○ *ကျောဖုံးမှ*

တတိယဂိုးကို သွင်းယူနိုင်ခဲ့ပြီး ယခုနှစ် ရာသီပြိုင်ပွဲစုံ ၃၉ ပွဲတွင် သွင်းဂိုး ၄၅ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

၎င်း၏ သွင်းဂိုး ၄၅ ဂိုးတွင် ပရီမီယာလိဂ် သွင်းဂိုး ၃၀၊ ချန်ပီယံလိဂ် သွင်းဂိုး ၁၁ ဂိုး၊ အက်ဖ်အေတွင် သွင်းဂိုး သုံးဂိုးနှင့် ကာရာဘောင်ဖလားတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း မန်စီးတီးအသင်း ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရင်းထုတ်ကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရန် အခက်တွေ့ခဲ့ရသည်။ မန်စီးတီးအသင်းအတွက် ပထမဂိုးနှင့် ဒုတိယဂိုးကို ရိုဒရီနှင့် ဘာနာဒိုဆေးဗားလ်တို့က သွင်းယူနိုင်ခဲ့သည်။

ပေါ်တူဂီကလပ် ဘင်ဖီကာနှင့် စီးရီးအေကလပ် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် ပွဲကြည့်ပရိသတ် ၆၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ပြီး ဧည့်သည် အင်တာမီလန်အသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အင်တာမီလန်အသင်းအတွက် သွင်းဂိုးများကို ဘာရယ်လာနှင့် လူကာကူတို့က သွင်းယူနိုင်ခဲ့သည်။ ယခုပွဲစဉ်တွင် အိမ်ရှင် ဘင်ဖီကာအသင်းသည် ခြေစွမ်းသာလွန်မှုရှိသော်လည်း အဆုံးသတ်ပိုင်းအားနည်းချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

**အောင်ဇော်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၀ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Gas Stove ၄၂၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၂၇၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)ကို လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Iron Bar Celling ကီလိုဂရမ် ၆၀၀၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၈၂၆၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၇၁၀၀၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဧပြီ ၁၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်စည် တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ မန်ဝိန်းဂိတ်မှ ဝင်ရောက်လာသော မော်တော်ယာဉ် တစ်စီးအား မူဆယ်မြို့ ရှောင်လမ်း ဂေါက်ကွင်းဘေးတစ်နေရာတွင် ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် မူဆယ်မြို့ အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Fabric Sectional Sofa Set အလုံး ၃၀၊ Plywood ၇၅ ချပ် အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၉၀၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Dongfeng Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၃၉၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၂၅၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၆၃၂၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၃၁၂၃၅၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဖြူးမြို့နယ်ရှိ ကျေးရွာများ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးစီး

**ဖြူး ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ လျှပ်စစ်မှူးရုံးနှင့် ကျေးရွာပူးပေါင်း၍ ကညွတ်ကွင်းမြို့ ငတိုးခင်ကျေးရွာအုပ်စု ငတိုးခင်ကျေးရွာ(ဗမာ)၌ NEP Phase–II အစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၁ ရက်က စတင်ကာ လျှပ်စစ်မီး ရရှိပြီဖြစ်သည်။

အဆိုပါ လျှပ်စစ်မီးရရှိရေးအတွက် ပဲနွယ်ကုန်းမြို့ရှိ (၃၃/၁၁)ကေဗွီ ၁၀ အမ်ဗွီအေခွဲရုံ ညောင်ဝိုင်းဖီဒါမှ ဓာတ်အားရယူပြီး ၁၁ကေဗွီလိုင်း ၁ ဒသမ ၆၉ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးအနေဖြင့် ကျေးရွာတွင်းဖို့ ၄၀၀ ဓာတ်အားလိုင်း ၂ ဒသမ ၄၆ မိုင်ဖြင့် စင်တီမီတာ(150/5)A နှစ်လုံးတပ်ဆင်၍ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ ယခုအခါတွင် အိမ်ခြေ ၄၂၀ အနက် အိမ်ခြေ ၁၀၅ လုံး လျှပ်စစ်မီးရရှိသုံးစွဲနေနိုင်ပြီဖြစ်ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၀ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၂၈၁၀ |
| 95 Ron | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၅၀ | ၂၃၂၅ | ၂၄၂၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၉၁ |
| 95 Ron | ၂၁၇၉ | ၂၂၅၇ |
| HSD (500 ppm) | ၁၉၇၇ | ၂၀၄၇ |
| HSD (50 ppm) | ၂၀၅၁ | ၂၁၂၂ |
| HSD (10 ppm) | ၂၀၅၁ | ၂၁၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိ

**(၁၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၁၄,၀၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၁၁၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၀၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၀,၉၃၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၈,၇၅၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၁-၄-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၀,၉၃၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၈,၇၅၈ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင် ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ် ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်း လမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ညနေ ၁၈၀၀ အချိန်အထိ ခေတ္တ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# သမ္မာဝါယာမ မှန်ကန်သောကြိုးစားမှုရှိခြင်း၊ သမ္မာသတိ မှန်ကန်သော သတိရှိခြင်း၊ သမ္မာသမာဓိ မှန်ကန်သော စိတ်တည်ငြိမ်မှုရှိခြင်း ဆိုရာဝယ်

မောင်မောင်လင်း (သံအမတ်ကြီး)

**လူတိုင်းဟာ နေ့စဉ်ဘဝမှာ နေထိုင်စဉ်မှာပဲ ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ လုံ့လဝီရိယနဲ့ အသိပညာရအောင် ကြိုးစားအားထုတ်နေမှုဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီထဲမှာမှ လူတွေရဲ့အခြေခံသဘောဟာ ကိုယ်ကျင့်သီလကောင်းဖို့ လိုအပ်သလို အရာရာမှာ ကြိုးစားအားထုတ်ဖို့၊ အထူးသဖြင့် အသိပညာ၊ အတတ်ပညာရရှိအောင် ကြိုးစားအားထုတ်နေဖို့ လိုအပ်ပါတယ်။**

တစ်ခါတလေ မိမိ ကြိုးစားသလောက် မအောင်မြင်တာမျိုးလည်း ရှိတတ်တာကြောင့် တချို့ကိစ္စတွေမှာ အတိတ်ဘဝက မကောင်းတဲ့အပြုအမူ ပြုလုပ်ခဲ့ဖူးတဲ့ အကြောင်းတရားနဲ့ ဆက်စပ်မှုရှိနိုင်ပါတယ်။ ဘဝဆိုတာကိုက ကံက ထုတ်လုပ်လိုက်တာဖြစ်ပြီး ကံနဲ့ကိလေသာနှစ်ခုပေါင်းစပ်ရာမှ ဘဝဆိုတာဖြစ်ပေါ်လာတာဖြစ်လို့ ဘယ်ဘဝပဲဖြစ်ဖြစ် ကံရဲ့အကျိုးသာ ဖြစ်ပါတယ်။

> ❂ **အသိပညာမပါဘဲ ကြိုးစားအားထုတ်နေရင် အောင်မြင်နိုင်တဲ့ ကြိုးစားမှုဖြစ်မှာ မဟုတ်လို့ နည်းလမ်းတကျကြိုးစားမှု၊ သမ္မာသတိ (Right Mindfulness) ဖြစ်စေဖို့လိုအပ်**
>
> ❂ **အလုပ်လုပ်တဲ့ အခါမျိုးမှာ စိတ်တည်ငြိမ်မှုဆိုတဲ့ သမာဓိရှိနေဖို့လည်း လိုအပ်ပါတယ်။ လူတစ်ယောက်ဟာ စိတ်မတည်ငြိမ်ဘူး၊ ဂနာမငြိမ်ဘူးဆိုရင်လည်း အောင်မြင်မှုမရနိုင်လို့ စိတ်တည်ငြိမ်မှုဟာ အလွန်အရေးကြီးတယ်၊ တရားအားထုတ်မှ သမာဓိလိုတာ မဟုတ်၊ ဘာအလုပ်မျိုးလုပ်လုပ် စိတ်တည်ငြိမ်မှု၊ သမာဓိရှိရမှာဖြစ်တယ်**

ဒါ့ကြောင့်မို့ လက်ရှိရလာတဲ့ ဘဝထဲမှာပဲ ကောင်းတဲ့အရာတွေကို မပြတ်လုပ်ကိုင်ခြင်းမျိုးဖြင့် ယခင် မကောင်းတဲ့ကံတွေကို မပြုပြင်နိုင်ရင်တောင်မှ မကောင်းတဲ့ကံ အကျိုးပေးခွင့် အခွင့်မရအောင်၊ ကုသိုလ်တရားတိုးပွားအောင်လုပ်ပြီး ဟန့်တားထားလို့ ရပါတယ်။ အခု ဘဝမှာလည်း အဲဒီလို မကောင်းတဲ့ကံမျိုး မလုပ်မိအောင်၊ ကောင်းတာတွေကိုသာ လုပ်မိအောင် ကြိုးစားအားထုတ်ပြီး နေထိုင်ဖို့ လိုအပ်တယ်လို့ ပါမောက္ခချုပ် ဆရာတော်ကြီးက မှန်ကန်သောကြိုးစားမှုရှိခြင်း၊ သမ္မာဝါယာမ (Right Effort) နဲ့ စပ်လျဉ်းပြီး ဆုံးမခဲ့တာကို နာယူမှတ်သားခဲ့ဖူးပါတယ်။

ဒါ့အပြင် မိမိကိုယ်တိုင် ကြိုးစားရုံသာမက သူတစ်ပါးကိုလည်း တိုက်တွန်းမှု (Encouragement) လုပ်ပေးသင့်တယ်၊ ကြိုးစားအားထုတ်တဲ့ အခါမှာလည်း သတိဆိုတဲ့ Mindfulness လည်းရှိရမယ်၊ ဆင်ခြင်တုံတရားလို့ဆိုတဲ့ ပညာလည်းရှိရမယ်၊ ဒါမှကြိုးစားမှုဟာ အကျိုးသက်ရောက်မှုဖြစ်မှာဖြစ်တယ်။ အသိပညာမပါဘဲ ကြိုးစားအားထုတ်နေရင် အောင်မြင်နိုင်တဲ့ ကြိုးစားမှုဖြစ်မှာမဟုတ်လို့ နည်းလမ်းတကျကြိုးစားမှု၊ သမ္မာ သတိ (Right Mindfulness) ဖြစ်စေဖို့ လိုအပ်တယ်လို့လည်း ဆရာတော်ကြီးက ဆုံးမခဲ့ပါတယ်။

### မိစ္ဆာအာဇီဝ မဖြစ်ဖို့ လိုအပ်

မိမိရဲ့နေ့စဉ်ဘဝမှာ ဝစီဒုစရိုက်တွေဖြစ်တဲ့ "လိမ်တာ၊ တစ်ဦးနဲ့ တစ်ဦးမတည့်အောင် လုပ်တာ၊ ရိုင်းပြတဲ့စကားပြောတာ၊ အကျိုးမဲ့တဲ့စကားပြောတာ"။ ကာယဒုစရိုက်တွေဖြစ်တဲ့ "သူများအသက်ကို သတ်တာ၊ သူများပစ္စည်းဥစ္စာကို ခိုးတာ၊ သူများ သားမယားကို ပြစ်မှားတာ"။ မနောကံဒုစရိုက်တွေဖြစ်တဲ့ "အဘိဇ္ဈာ (လွန်ကဲစွာ အလိုရှိခြင်း)၊ ဗျာပါဒ (ပျက်စီးစေရန်ကြံမိဆဲခြင်း) နဲ့ မိစ္ဆာဒိဋ္ဌိ(အယူမှားခြင်း)" စတဲ့ ဒုစရိုက်မှု ၁၀ မျိုးကို မလုပ်မိအောင် ကြိုးစားနေဖို့ လိုအပ်ပါတယ်။

အဲဒီ ဆယ်မျိုးမှာပဲ "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့လေးမျိုးနဲ့ ငြိစွန်းသွားခဲ့ရင် စုစုပေါင်း အမျိုး ၄၀ အထိ ဖြစ်သွားမှာ ဖြစ်တယ်လို့လည်း နာယူခဲ့ဖူးပါတယ်။ အဲဒီလို လုပ်ဆောင်ပြုမူမိသွားခဲ့ရင် မိမိဟာ သမ္မာဝါစာ (Right Speech) မဂ္ဂင်နဲ့ သမ္မာကမ္မန္တ (Right Action) မဂ္ဂင် ပျက်စီးသွားပြီဆိုတာ သတိပြုမိဖို့ လိုအပ်ပါတယ်။ အဲဒီဒုစရိုက်မှုမျိုးတွေနဲ့ ငွေကြေးရယူခဲ့ရင်တော့ မိစ္ဆာအာဇီဝနဲ့ အသက်မွေးမိသလိုဖြစ်သွားမှာပါ။

### သမ္မာဝါယာမ(Right Effort)နဲ့ သမ္မာသတိ (Right Mindfulness) မဂ္ဂင်

ဒီနေရာမှာ အဲဒီဒုစရိုက်အပြုအမူတွေနဲ့ ဆန့်ကျင်တဲ့ ကောင်းမွန်တဲ့အလုပ်တွေကို ကိုယ်တိုင်လုပ်ဆောင်ရမယ်၊ မဟုတ်ရင်တောင်မှ "တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဖြစ်နေဖို့တော့ လိုအပ်မှာ ဖြစ်တယ်လို့ ပါမောက္ခချုပ် ဆရာတော်ကြီးရဲ့ တရားတော်တွေမှာ နာယူရဖူးပါတယ်။ နောက်တစ်ခါ ကောင်းတာကို မလုပ်နိုင်ခဲ့ရင်တောင်မှ မကောင်းမှန်းသိနေတဲ့ အရာတွေကို မလုပ်မိစေဖို့ အနည်းဆုံးတော့ "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့ လေးမျိုးအတိုင်း နေ့စဉ် ပြောဆို၊ ပြုမူ၊ ကျင့်ကြံ၊ နေထိုင်သွားနိုင်ဖို့ အားထုတ်လုပ်ဆောင်နေခြင်းမျိုးဟာ ကောင်းမွန်မှန်ကန်တဲ့ ကိုယ်ကျင့်တရားနဲ့ ညီညွတ်တဲ့ သီလမဂ္ဂင်လမ်းမပေါ်မှာ လျှောက်လှမ်းနေတာပဲဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။

တချို့သော ပုဂ္ဂိုလ်တွေဟာ အဲဒီဒုစရိုက်မှုမျိုး မဖြစ်ပွားစေရေးအတွက် ကာကွယ်တားဆီး အရေးယူရတဲ့ လုပ်ငန်းဆောင်တာတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေရပါတယ်။ Law Enforcement Person ကဲ့သို့သော ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အမှန်ကတော့ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ နေထိုင်လျက်ရှိတဲ့ နိုင်ငံသားတိုင်းဟာ ဒီလိုအပြုအမူမျိုးအပေါ် ကာကွယ်တားဆီးပေးရမယ့် တာဝန်ရှိပါတယ်။ Whistle Blowing လုပ်ဆောင်တာမျိုး ဖြစ်ပါတယ်။ ယနေ့ခေတ်မှာတော့ အဲဒီဒုစရိုက်မှု ၁၀ မျိုးနဲ့ ငြိစွန်းနေတဲ့ လုပ်ငန်းမျိုးတွေနဲ့ ငွေရှာတဲ့သူတွေ အများကြီးရှိလာပြီး လူမှုကွန်ရက်နဲ့ သတင်းမီဒီယာတွေကို အသုံးချပြီး အွန်လိုင်းကတစ်ဆင့် ကိုယ်တိုင်ငွေရှာနေကြသလို "တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ"နဲ့ ငြိစွန်းနေတဲ့အပြုအမူတွေကို သိသိချည်းနဲ့ ပျော်ပျော်ပါးပါးကြီး လုပ်ဆောင်နေကြတဲ့သူတွေလည်း ရှိနေပါတယ်။ လူသားတစ်ဦးအနေနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ပုံမှန်နေထိုင်နေရင်းနဲ့ပင် သီလမဂ္ဂင်တရားတွေနဲ့ ညီညွတ်တဲ့ ကိုယ်ကျင့်သီလ မပျက်ယွင်းအောင် ကြိုးစားပြီး ပြုမူနေထိုင်လုပ်ကိုင်ခြင်းမျိုးဟာ သမ္မာဝါယာမ (Right Effort) မဂ္ဂင်ကို ကျင့်သုံးစောင့်ထိန်းနေတာပဲဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။ အဲဒီလို ကျင့်သုံးဆောက်တည်နိုင်အောင် အမြဲမပြတ် မိမိကိုယ်ကိုသတိပေးနေခြင်း၊ သတိရှိရှိနဲ့ နေထိုင်ခြင်းဟာ သမ္မာသတိ(Right Mindfulness) မဂ္ဂင်ကိုကျင့်သုံးစောင့်ထိန်းနေတာပဲဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

### ပစ္စုပ္ပန်မှာ အာရုံမရောက်

Cognitive Exit ဆိုတာ ပစ္စုပ္ပန်မှာ အာရုံမရောက်ဖြစ်နေတာမျိုး၊ စိတ်နဲ့လူ မကပ်ဖြစ်နေတာမျိုး၊ မသက်ဆိုင်တာလုပ်နေတာမျိုးလို့လည်း အဓိပ္ပာယ်ရပါတယ်။ ဥပမာအားဖြင့် စာသင်ခန်းတစ်ခုထဲမှာ ဆရာက ရှေ့ကအားကြိုးမာန်တက် သင်ကြားနေချိန်မျိုးမှာ ကျောင်းသားက Ipad/ Laptop/ Telephone ပွတ်နေတာမျိုးပါ။ ဒီလိုမျိုးလုပ်နေတာကတော့ သိသိနဲ့ လုပ်ဆောင်တာဖြစ်ပေမယ့် ယေဘုယျအားဖြင့်တော့ မိမိရဲ့ စိတ်ပျံ့လွင့်နေတာ၊ Cognitive Exit ဖြစ်နေတာကို သိနိုင်ဖို့ခဲယဉ်းလှပါတယ်။ လူကတော့ တစ်ခုခုအပေါ် အာရုံစိုက်ပြီး၊ စိတ်ထဲနှစ်ပြီး လုပ်နေတဲ့ အခိုက်အတန့်မျိုးမှာပင် အာရုံက တခြားတစ်နေနေရာကို ရောက်သွားတတ်တာကို သိလိုက်ပြီး အာရုံကို အချိန်မီပြန်ထိန်းသိမ်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးတွေကတော့ Cognitive Exit ရဲ့ သဘောသဘာဝကို လွယ်ကူစွာ သိရှိသဘောပေါက်ကြမယ်လို့ ယူဆပါတယ်။

ဒါဆိုရင် အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ သတိ(Mindfulness) ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ပါပြီ။ သူဟာ ကောင်းမွန်၊ မှန်ကန်တဲ့ "အပြောအဆို၊ အပြုအမူ၊ အလုပ်အကိုင်" ဆိုတဲ့ သီလမဂ္ဂင်ကျိုးပေါက်မသွားအောင်၊ တိမ်းစောင်းသွားခြင်းမရှိအောင် အမြဲဂရုတစိုက် ထိန်းသိမ်းလုပ်ဆောင်နေမှာဖြစ်တဲ့အပြင် အကယ်၍ သူ့ရဲ့သီလကို ညစ်နွမ်းစေနိုင်တဲ့ အာရုံမျိုး မတော်တဆဝင်လာခဲ့ရင်တောင်မှ ချက်ချင်း သတိကပ်ပြီး ဖယ်ရှားရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။ သမ္မာသတိလို့ခေါ်တဲ့ Right Mindfulness မဂ္ဂင်ကို ကျင့်သုံးပြီးနေထိုင်နေတာဖြစ်လို့ အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ ကုသိုလ်တရား မပွားများနိုင်တောင်မှ အကုသိုလ်တွေကိုတော့ သေချာပေါက် ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။

### သမ္မာသမာဓိ (Right Concentration) မဂ္ဂင်

လူပုဂ္ဂိုလ်တစ်ဦးဟာ ကံနဲ့စပ်လျဉ်းတဲ့ ယုံကြည်ချက်ရှိလာပြီးရင် ခိုင်မာတဲ့ ဇွဲ၊ ဝီရိယလည်း ရှိဖို့လိုအပ်ပါတယ်။ ဝီရိယမရှိရင်တော့ လောကမှာ အောင်မြင်မှု မရနိုင်ပါ၊ ဝီရိယဟာ အောင်မြင်ခြင်းရဲ့ တစ်စိတ်တစ်ဒေသပါဝင်တဲ့ အချက်ဖြစ်နေတာကြောင့် လုံ့လ၊ ဝီရိယရှိမှသာ အောင်မြင်မှုရဲ့ အထွတ်အထိပ်ကို ရောက်နိုင်မှာဖြစ်ကြောင်း နာယူမှတ်သားခဲ့ဖူးပါတယ်။ ကြိုးစားတဲ့အခါမှာလည်း ကြိုးစားရုံမျှနဲ့ မရနိုင်ဘဲ သတိနဲ့ကြိုးစားမှသာ အောင်မြင်မှုကိုရရှိနိုင်မှာဖြစ်ပါတယ်။ သတိဆိုတာ Mindfulness ဖြစ်ပြီး ကိုယ်လုပ်နေရမယ့် အလုပ်အပေါ်မှာ သတိထားရှိပြီး လုပ်ရမှာကို ဆိုလိုတာ ဖြစ်ပါတယ်။ ဒီကနေ့လုပ်တယ်၊ မနက်ဖြန်လုပ်ချင်မှ လုပ်မယ်ဆိုတာမျိုး မဟုတ်ဘူးလို့ ဆရာတော်ကြီးထံမှ နာယူခဲ့ဖူးပါတယ်။

အလုပ်လုပ်တဲ့ အခါမျိုးမှာ စိတ်တည်ငြိမ်မှုဆိုတဲ့ သမာဓိရှိနေဖို့လည်း လိုအပ်ပါတယ်။ လူတစ်ယောက်ဟာ စိတ်မတည်ငြိမ်ဘူး၊ ဂနာမငြိမ်ဘူးဆိုရင်လည်း အောင်မြင်မှုမရနိုင်လို့ စိတ်တည်ငြိမ်မှုဟာ အလွန်အရေးကြီးတယ်၊ တရားအားထုတ်မှ သမာဓိလိုတာ မဟုတ်၊ ဘာအလုပ်မျိုးလုပ်လုပ် စိတ်တည်ငြိမ်မှု၊ သမာဓိရှိရမှာဖြစ်တယ်။ စိတ်တည်ငြိမ်မှု မရှိရင် ဘယ်လိုကိစ္စမျိုးမှ အောင်မြင်မှာ မဟုတ်ဘူး။ သမာဓိဆိုတာ အာရုံတစ်ခုတည်းပေါ်မှာ စိတ်တည်ငြိမ်နေတာမျိုးကို ခေါ်တာဖြစ်တယ်၊ စိတ်ပျံ့လွင့်နေတာမျိုး မဖြစ်စေဖို့ အရေးကြီးလို့ စိတ်တည်ငြိမ်ပြီး သမာဓိရှိမှသာ မိမိလုပ်ဆောင်နေတဲ့ လုပ်ငန်းကိစ္စအဝဝ အောင်မြင်မှာဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။ ဒါဟာ မှန်ကန်သောစိတ်တည်ငြိမ်မှုရှိခြင်း၊ သမ္မာသမာဓိ (Right Concentration) မဂ္ဂင်ကို လိုက်နာကျင့်သုံးနေတာပဲဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

### အောင်မြင်မှု၊ ရှုံးနိမ့်မှုတို့နဲ့ ဆက်နွယ်တဲ့ ဖော်မြူလာများ

ဆရာတော်ကြီးရဲ့ တရားတော်များကို နာယူမှတ်သားနေစဉ်မှာပဲ ကျွန်တော်ဟာ MBA ဘွဲ့အတွက် သင်ကြားရေးမှာပါရှိတဲ့ အဖွဲ့အစည်းသီအိုရီ (Organizational Theory) နဲ့ အဖွဲ့အစည်းများမှ သင်ယူလေ့လာမှု (Learning from Organization) ဘာသာရပ်ထဲက "အတွေ့အကြုံများမှ လေ့လာမှု" (Learning from Experience) သင်ခန်းစာမှာ "Success=Function(Talent, Chance)" အောင်မြင်မှုဆိုတာ အရည်အချင်းနဲ့ အခွင့်အလမ်းအကြား ဆက်နွယ်ပတ်သက်နေမှု၊ "Failure=Function (Lack of Talent, Chance)" ရှုံးနိမ့်မှုဆိုတာ အရည်အချင်းကင်းမဲ့မှုနဲ့ အခွင့်အလမ်းအကြား ဆက်နွယ်ပတ်သက်နေမှုဆိုတဲ့ နာမည်ကျော်စိတ်ပညာရှင်တစ်ဦးဖြစ်ပြီး စီးပွားရေးဘာသာရပ်နဲ့ နိုဘယ်ဆုရခဲ့သူ Daniel Kahneman ရဲ့ အောင်မြင်မှု၊ ရှုံးနိမ့်မှုတို့နဲ့ ဆက်နွယ်တဲ့ ဖော်မြူလာတွေကို သွားသတိရမိခဲ့ပါတယ်။

သူကထပ်ပြီး "လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ စွမ်းဆောင်ရည် (Performance) ဟာ ကျွမ်းကျင်မှု (Skill) နဲ့ ကံကောင်းခြင်း (Luck) အပေါ်မှာလည်း မူတည်တယ်" လို့ ဆိုခဲ့ပါသေးတယ်။ ဝီရိယရှိမှု၊ ကြိုးစားအားထုတ်မှုနဲ့စပ်လျဉ်းပြီး အနောက်တိုင်း ပညာရှင်တွေ ဖော်ထုတ်ထားတဲ့ သီအိုရီတစ်ခုလည်း ရှိပါသေးတယ်။ Regression to the mean ဆိုတဲ့ သီအိုရီပါ။ Mean ဆိုတဲ့ စကားလုံးက စာရင်းအင်းပညာ (Staticstics) မှာ သုံးလေ့ရှိပါတယ်။ အလွယ်ပြောရင်တော့ (Average) ပျမ်းမျှပေါ့။ ဘာသာရပ်စကားကတော့ "သမတ်ကိန်း"၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့နေရာ(ကိုယ်နဲ့တန်တဲ့နေရာ)ဆိုရင် ပိုနားလည်မယ်ထင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အဲဒီသီအိုရီကို "ဖြစ်သင့်ဖြစ်ထိုက်တဲ့ နေရာမှာသာ ဖြစ်တည်မှု" လို့ အမည်တပ်လိုက်ပါ့မယ်။ သူတို့က ဖန်ဆင်းရှင်ဝါဒီတွေဆိုတော့ အရာရာကို ဘုရားသခင်က ဖန်ဆင်းပေးထားတယ်။ အားလုံးရဲ့ဖြစ်တည်မှုကို ဘုရားသခင်က ပြဋ္ဌာန်းပေးပြီးသားမို့လို့ မင်းဟာ ဘယ်လောက်ကြိုးစားအားထုတ်မှုလုပ်လုပ် နောက်ဆုံးရလဒ်ကတော့ "မင်းရဲ့ဖြစ်သင့်တဲ့နေရာ (မင်းနဲ့တန်တဲ့နေရာ)မှာပဲ ရှိနေမှာပါ"၊ "ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲ ရလိမ့်မယ်" ဆိုတဲ့ သီအိုရီမျိုးပါ။ ဥပမာအားဖြင့် မောင်ဖြူဆိုတဲ့ ကျောင်းသားလေးရဲ့ ပညာရည် ထူးချွန်မှုဟာ အမှတ် ၈၀ လောက်ပဲရှိတယ်ဆိုကြပါစို့။ စာမေးပွဲတစ်ကြိမ်မှာ သူဟာ ကံကောင်းစွာ ကျက်ထားတဲ့မေးခွန်း တိုးတာနဲ့ အမှတ် ၉၀ ရခဲ့ပါတယ်။ ဒါဟာသူ့အတွက် အမြင့်ဆုံး ရရှိနိုင်တဲ့ အမှတ်ဖြစ်နေခဲ့ရင် နောက်တစ်ကြိမ် စာမေးပွဲမှာ အမှတ် ၉၀ အောက်ပဲရပြီး သူ့အတွက် ဘုရားသခင်က

*စာမျက်နှာ ၁၇ သို့*

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်လျှောက်လွှာများအား သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ပေးအပ်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အဖိုးတန် သတ္တုရောင်းဝယ်သူများကြီးကြပ်ရေးအာဏာပိုင်ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် အသင်းချုပ်၏ အသင်းဝင်အသင်းသားများ၊ ရွှေလုပ်ငန်းရှင်များ၊ စုစုပေါင်း သင်တန်းသား ၁၀၅ ဦးအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ခြင်းသင်တန်းကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည်။




ယခုအခါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်သည့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်လျှောက်လွှာ စုစုပေါင်း ၁၅ စောင်ကို ဧပြီလ ပထမပတ်တွင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် ရုံးခန်း၌ အသင်းချုပ်မှ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မာန်အောင်မြို့နယ်၌ ရေကောင်းရေသန့် သုံးစွဲနိုင်ရေး တာဝန်ရှိသူများ စစ်ဆေး

မာန်အောင် မေ ၁၂

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မာန်အောင်မြို့နယ်အတွင်း ကျေးရွာများ ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစိုးအောင်(ဦးစီးအရာရှိ၊နည်းပညာ)နှင့် ဦးအောင်နေထူး (အငယ်တန်းအင်ဂျင်နီယာ-၂)တို့က မေ ၉ ရက်တွင် မာန်အောင်မြို့နယ် ဘဲအင်းကျေးရွာအုပ်စု ခုံရွာကျေးရွာသို့ သွားရောက်ကာ ကျေးရွာရေကော်မတီဝင်များ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကျေးရွာတွင်း သန့်ရှင်းသော ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေးနှင့် ကျေးရွာ၌ လက်ရှိရေသုံးစွဲနေမှုနှင့် ရေဖူလုံမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လိုသည့် လုပ်ငန်းကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းရှင်းလင်းကြကာ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်နေသည့် ရေကောင်းရေသန့် ရယူသုံးစွဲနိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## မြောင်းမြမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်

မြောင်းမြ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်အကြိုဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လေ့ကျင့်ပြင်ဆင်နေမှုများကို ယနေ့ ညနေ ၄ နာရီက ဗိုလ်ချုပ်ရင်ပြင်ရှေ့ မြို့နယ်မဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ မဟာသင်္ကြန်ပွဲတော် အကြိုဖွင့်ပွဲ လေ့ကျင့်ပြင်ဆင်မှုကို မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများက စုပေါင်း၍ သင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ကြသည်။

မြောင်းမြမြို့တွင် ခရိုင်မဏ္ဍပ်နှင့် မြို့နယ်မဏ္ဍပ်တို့ ဖွင့်လှစ်ထားပြီး ယိမ်းအကဖျော်ဖြေပွဲများ၊ ပြိုင်ပွဲများ၊ စတုဒိသာမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်တို့ဖြင့် ပြည်သူများ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ပြဋ္ဌာန်းပေးပြီးသားဖြစ်တဲ့ အမှတ် ၈၀ အနီးကို ပြန်ချဉ်းကပ်သွားလိမ့်မယ်။ အဲဒီလိုမျိုးပဲ ကံဆိုးခဲ့လို့ သူ့အတွက် ပြဋ္ဌာန်းပေးထားတဲ့ အမှတ်ဖြစ်တဲ့ အမှတ် ၈၀ အောက်က အနည်းဆုံးဖြစ်တဲ့ အမှတ် ၆၀ ရခဲ့ရင်လည်း နောက်တစ်ကြိမ်မှာ ပြန်များကို များလာပြီး သူ့အတွက် ပြဋ္ဌာန်းအမှတ် ၈၀ အနား ပြန်ကိုရောက်လာလိမ့်မယ်လို့ ဆိုပါတယ်။

### ကံကြမ္မာရဲ့ မျက်နှာသာပေးမှု

အဲဒီသီအိုရီနဲ့စပ်လျဉ်းပြီး Daniel Kahneman ဟာ လေတပ်က တိုက်လေယာဉ်မောင်းနှင်သူတစ်ဦးနဲ့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ လေသူရဲတစ်ဦးရဲ့ စွမ်းဆောင်နိုင်မှု အဆင့်ဟာ ယေဘုယျအားဖြင့် အမြင့်ဆုံး ၁၀ မှတ်မှာ ၆ မှတ်လောက်ရနေပြီး တစ်ခါတလေတော့လည်း ၇ မှတ်ရလိုက်၊ ၉ မှတ်ရလိုက် ဖြစ်နေရာက ၃ မှတ်အထိတောင် ဆိုးရွားတဲ့ ရလဒ်ဖြစ်ရခြင်းမျိုးအတွက် ပျံသန်းမှုပြုလုပ်ချိန်မှာ ရာသီဥတု မကောင်းတာမျိုး၊ ပျံသန်းရမယ့်ညက အိပ်ရေးမဝခဲ့တာမျိုးစတဲ့ ပြင်ပရဲ့ အကျိုးသက်ရောက်မှုတွေကြောင့်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ပညာရှုထောင့်အရ လူတစ်ဦးရဲ့ သင်ယူလေ့လာမှုအပေါ် ချီးမွမ်းမှုပြုလုပ်ပေးခြင်းဟာ အပြစ်ပေးခြင်းထက် ပိုမိုထိရောက်အကျိုးရှိနိုင်တယ်လို့ တွေ့ရှိရပါကြောင်း သူကအဆိုပြုခဲ့ပါတယ်။ အဲဒီအပေါ် လေတပ်ဦးစီးချုပ်က သဘောမတူခဲ့ပါ။ သူ့ရဲ့အတွေ့အကြုံအရ သင်တန်းသားတစ်ဦးရဲ့ ပျံသန်းလေ့ကျင့်မှု ရလဒ်ဆိုးထွက်နေမှုအတွက် အပြစ်ပေးလိုက်မှသာ နောက်ပျံသန်းမှုမှာ ပြန်ကောင်းလာတာကို တွေ့ရှိခဲ့ရပေမယ့်၊ ကောင်းတယ်လို့ ချီးမွမ်း လိုက်ခဲ့မိပြန်တော့လည်း နောက်တစ်ခေါက်မှာ ညံ့သွားတတ်တယ်လို့ တုံ့ပြန်ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် သူက "Regression to the mean သာ ဖြစ်ကြောင်း၊ လေသူရဲ၏ ပျမ်းမျှစွမ်းဆောင်နိုင်မှုဟာ ၆ မှတ်သာရှိခဲ့လျှင် ၎င်းအမှတ်အနီးအနားမှာပဲ တက်လိုက်ကျလိုက်ဖြစ်နေမှာဖြစ်လို့ သီအိုရီနဲ့ကိုက်ညီကြောင်း" ဖော်ထုတ်ပြသပေးနိုင်ခဲ့ပါတယ်။ Mean နဲ့မတူဘဲ ဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်းကို ကွဲလွဲမှု (Variation) လို့ သုံးနှုန်းပါတယ်။ ဘာကြောင့် အဲဒီလို Variation တွေ ဖြစ်ရတာလဲဆိုတာကို ဖော်ထုတ်တယ်။ ဒါကို ဖော်ထုတ်ပြီးအကျိုးရှိအောင် လုပ်သွားနိုင်တဲ့သူဟာ ကျွမ်းကျင်မှု (Talent) ကောင်းသူတွေဖြစ်ပြီး Chance ဆိုတဲ့ အခွင့်အလမ်းပေါ်လာချိန်၊ (Luck) ကံလေးကလည်း လိုက်လာလို့ကတော့ Performance ကောင်းတွေ ထုတ်ပြနိုင်မှာဖြစ်လို့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုခံစားရရှိပြီး အကြီးအကျယ်အောင်မြင်သွားမှာ ဖြစ်ပါတယ်။ Mark Zuckerberg အောင်မြင်ခဲ့မှုရဲ့ အကြောင်းရင်းခံတွေကို လေ့လာကြည့်လိုက်ရင် သူဟာထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ရုံမျှမက ကံကြမ္မာရဲ့ မျက်နှာသာပေးမှု (Chance and Luck) အမြောက်အမြား ရရှိခဲ့လို့လည်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရပါတယ်။ **အောင်မြင်ကြီးပွားလာကြတဲ့ စွန့်ဦးတီထွင်လုပ်ငန်းသစ် (Startups)ပိုင်ရှင်တွေရဲ့ နောက်ကွယ်က အကြောင်းရင်းခံတွေကို သုတေသနပြုလုပ်လိုက်ရင် အသင်းစိတ်ဓာတ်(Team work)၊ တည်ထောင်သူရဲ့ အရည်အချင်း(Founder)၊ စိတ်ကူးစိတ်သန်း(Idea)၊ ငွေကြေးအထောက်အပံ့ (Funding) နဲ့ အချိန်ကိုက်ဖြစ်မှု (Timing) စတဲ့ အကြောင်းတရားများစွာ ကွဲပြားစွာတွေ့ရှိရပေမယ့် အခွင့်အလမ်း (Chance) ရရှိခဲ့မှုကြောင့်ဆိုတဲ့ အချက်မှာတော့ အားလုံးတူညီခဲ့ကြပါတယ်။** ဒါပေမယ့် အပြေးအားကစားသမားနဲ့ စစ်တုရင်ကစားသမားတွေကဲ့သို့သော ကျွမ်းကျင်မှုအပေါ် လုံးဝအခြေခံတဲ့ သူတွေအတွက်ကတော့ အောင်မြင်မှု၊ ရှုံးနိမ့်မှုဆိုတာ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုနဲ့ ဆက်နွှယ်ပတ်သက်မှုနည်းပါးပါတယ်။ သူတို့ရဲ့ အရည်အချင်းဟာ ယှဉ်ပြိုင်ဘက်များထက် မြင့်မားနေသရွေ့ သူတို့နိုင်နေမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ Regression to the mean ဂရပ်ဖ်ကလည်း အနိမ့်အမြင့်အတက်အကျ သိပ်မများဖို့တော့ လိုအပ်မှာဖြစ်ပါတယ်။

### ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့ အကြောင်းတရားသုံးရပ်

ကျွန်တော်တို့ရဲ့ မြတ်ဗုဒ္ဓကတော့ ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့အကြောင်းတရား သုံးရပ်တိုက်ဆိုင်မှုကနေ အောင်မြင်မှု၊ ဆုံးရှုံးမှုဆိုတဲ့ အကျိုးတရား ရရှိတာလို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ လောက်ကတည်းက သင်ကြားပြသပေးခဲ့တာပါ။ မြတ်ဗုဒ္ဓအနေနဲ့ ကမ္မ (Kamma) ကံ၊ ကံ၏ အကျိုးလို့ဟောကြားခဲ့ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာက လူတစ်ဦးတစ်ယောက်ဟာ ရှုံးနိမ့်မှုနဲ့ကြုံတွေ့ခဲ့ရင် ကံကိုပုံချပြီး လုံးဝလက်လျှော့လိုက်တာမျိုးကို မလိုလားသလို၊ မိမိရဲ့မအောင်မြင်ခဲ့မှုအပေါ် ယူကျုံးမရဖြစ်နေပြီး တအုံနွေးနွေး ဖြစ်မနေဘဲ မိမိရဲ့ စွမ်းဆောင်ရည်နဲ့ ဝီရိယကို ဆက်လက်စိုက်ထုတ်နေစေဖို့၊ အားမလျှော့စေဖို့ ဆုံးမခဲ့ခြင်းသာဖြစ်ကြောင်း သတိပြုဆင်ခြင်ကြစေလိုပါတယ်။ သံသရာကိုပါ လက်ခံယုံကြည်ထားတော့ အတိတ်ဘဝပေါင်းများစွာက ပြုလာခဲ့တဲ့ ပြီးခဲ့ပြီးသား ကံတရားကို ပြန်ပြင်တာမျိုး၊ ချေဖျက်လိုက်တာမျိုး လုပ်လို့မရတော့ပါ။

ပစ္စုပ္ပန်ဖြစ်တဲ့ လက်ရှိဘဝမှာ ကိုယ်ပြုလုပ်နေတဲ့ အလုပ်ကရရှိလာတဲ့ အကျိုးတရားတွေနဲ့ ပြီးခဲ့တဲ့ ကံကြောင့်ဖြစ်လာမယ့် အဆိုးရလဒ်ကို အကျိုးပေးခွင့်မသာအောင် ဟန့်တားထားလို့တော့ရတယ်လို့ ဆရာတော်ကြီးရဲ့ တရားမှာနာယူမှတ်သားခဲ့ဖူးပါတယ်။ ဆရာတော်ကြီးက "ပြင်မရသည့် အတွက်ကြောင့် ပြုပြင်တာကို ဘယ်လိုလုပ်ရမလဲဆိုရင် အတိတ်ဘဝက မကောင်းတာတွေလုပ်မိခဲ့ရင် အခုဘဝမှာ ဒီမကောင်းတဲ့ကံမျိုး မလုပ်မိအောင် ကောင်းတာတွေ ကြိုးစားလုပ်မိအောင် သတိထားပြီးတော့ ကောင်းတာတွေကို ကြိုးစားအားထုတ်နေဖို့ လိုအပ်တယ်။ အဲဒီနည်းလမ်းမျိုးနဲ့ မကောင်းတဲ့ ကံတွေကနေ လွတ်မြောက်ပြီး ကောင်းတဲ့ကံတရားတွေကချည်းပဲ အခွင့်အရေး (Opportunity) ရသွားရင် မကောင်းတဲ့ ကံကဝင်ပြီး အကျိုးမပေးနိုင်ဘူး"လို့ သမ္မာဝါယာမ မဂ္ဂင်နဲ့ သမ္မာသတိမဂ္ဂင်ကျင့်သုံးရင် နေ့စဉ်လူမှုဘဝမှာတောင် အကျိုးရှိစေနိုင်မှုအပေါ် ထောက်ပြပေးခဲ့ပါတယ်။ သံသရာခရီးသည်တစ်ဦးဖြစ်နေဆဲ ဖြစ်တာနဲ့အညီ နောက်ဘဝများစွာအတွက် ကုသိုလ်ကောင်းမှုတွေကို စုဆောင်းနိုင်ခွင့် ရှိတယ်လို့လည်း ဆရာတော်ကြီးရဲ့ တရားတော်တွေမှာ နာယူမှတ်သားဖူးပါတယ်။ "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" ဆိုတဲ့ မြန်မာစကားကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း "Failure is the pillar of Success" ဆိုတဲ့ အဆိုအမိန့်ပါအတိုင်း ရှုံးနိမ့်ခဲ့မှုမှ သင်ခန်းစာရယူပြီး အောင်မြင်မှုအတွက် အကျိုးရှိစေဖို့ အသုံးချစေလိုတဲ့ သဘောမျိုးဖြစ်အောင် ဖွင့်ဆိုကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းအပ်ပါတယ်။

### ငြိမ်းချမ်းတာ၊ ဆင်ခြင်ချုပ်တည်း

Attention ထားနိုင်မှုနဲ့ စပ်လျဉ်းပြီး အနောက်တိုင်းရဲ့ သုတေသနပြုလုပ်မှုတစ်ခုမှာ ဘတ်စကက်ဘောလုံးတစ်လုံးကို မြေကြီးနဲ့ ပုတ်နေတဲ့ပြကွက်တစ်ခုကို ပြသစေပြီး ပရိသတ်ကို လိုက်လံကြည့်ရှုရေတွက်ခိုင်းထားချိန်မှာပဲ နောက်ခံဘက်ဂရောင်းမှာ ဂေါ်ဇီလာတစ်ကောင် ဖြတ်သွားစေလိုက်ပါတယ်။ အဲဒါကို သတိပြုမိသူ အလွန်နည်းပါးပါတယ်။ နောက်တစ်ကြိမ်ပြန်ပြချိန် ဂေါ်ဇီလာဖြတ်သွားမှုအပေါ် သတိပြုမိပြန်တော့လည်း ဘက်ဂရောင်းအရောင်ပြောင်းလဲထားလိုက်တာကို သတိမပြုမိတာမျိုးလည်း ရှိနေပြန်ပါတယ်။ ဒါက ဘာကို သက်သေပြနေလဲဆိုတော့ လူပုဂ္ဂိုလ်တစ်ဦးရဲ့ စိတ်အာရုံစူးစိုက်မှုဟာ ကန့်သတ်ချက်ရှိနေပြီး တစ်ကြိမ်မှာ တစ်ခုခုကို အာရုံစူးစိုက်မိသွားရင် ဘေးမှာပေါ်လာတဲ့ အခြားတစ်ခုအပေါ် အာရုံခံစားနိုင်ဖို့ အားနည်းချက်ရှိနေတယ်ဆိုတာပါ။

အခြေအနေအပေါ် သတိမူတတ်မှု (Situation-al Awareness) ရနိုင်ဖို့ဆိုရင် အာရုံဖြန့်ကြက်ခံစားတတ်မှု (Attention of Distribution) ပြုလုပ်နိုင်ရမှာဖြစ်ပါတယ်။ ကိစ္စရပ်တစ်ခုကို လေ့လာကြည့်ရှုဆင်ခြင်တဲ့အချိန် အသေးစိတ်ကြည့်ဖို့လိုအပ်ရင် မှန်ဘီလူးရဲ့ Lens ကို အနီးကပ်ဆွဲပြီးကြည့်ခြင်း (Zoom In) လုပ်ရတာမျိုးရှိသလို အားလုံးကို ခြုံငုံသွားအောင်ကြည့်ဖို့ (Holistic View) လိုအပ်လာရင်လည်း Lens ကို ချဲ့ပြီး ကြည့်ခြင်း (Zoom Out) လုပ်ရတာမျိုးလည်းရှိပါတယ်။ ဒီအတွက် မိမိရဲ့စိတ်ကို လိုအပ်သလို စေခိုင်းနိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။ အာရုံစူးစိုက်မှု (Attention) နဲ့အသိဉာဏ် အားစိုက်ထုတ်မှု (Cognetive Effort) တွေဟာ အသုံးပြုလိုက်ပြီးရင် သူ့အလိုလိုပြန်ပြီးပြည့်လာနိုင်ခြင်းမရှိဘဲ ကုန်ခန်းသွားနိုင်တဲ့ Scare Resources မျိုးဖြစ်တယ်ဆိုတာကို သဘောပေါက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ထိုအရာတွေကို အကျိုးမဲ့ မဖြုန်းတီးမိစေဖို့နဲ့ မလိုအပ်တဲ့နေရာတွေမှာ အာရုံမထွေပြားစေဖို့၊ ဗုဒ္ဓမြတ်စွာဘုရားက ကိစ္စအတော်များများကို ငြိမ်းချမ်းတာတတ်စေဖို့၊ အသိနဲ့ ဆင်ခြင်ချုပ်တည်းတတ်စေဖို့ သင်ကြားပြသခဲ့တာပဲ ဖြစ်ပါတယ်။

သာမန်နိစ္စဓူဝကိစ္စရပ်တွေဖြစ်တဲ့ နေ့စဉ် စားရေး၊ ဝတ်ရေးလိုကိစ္စမျိုးမှာ ရိုးရှင်းစွာ နေထိုင်ဆောင်ရွက်တတ်တဲ့ အလေ့အထမျိုး ရအောင်ကျင့်ကြံနေထိုင်ဖို့၊ မိမိရဲ့စိတ်ကိုလည်း ညစ်နွမ်းမှုမရှိစေဖို့၊ အမြဲဖြူစင်စွာ ရှိနေစေဖို့ လေ့ကျင့်ထားနိုင်မှသာ မိမိရဲ့အာရုံစူးစိုက်ရမှုနဲ့ အသိဉာဏ်အားစိုက်ထုတ်မှုကို ငြိမ်းချမ်းတာထိန်းသိမ်းရာ ရောက်မှာဖြစ်သကဲ့သို့ သမာဓိအား တည်ကြည်ခိုင်မာနိုင်စေရေးအတွက်လည်း ပိုမိုအသုံးချနိုင်ခွင့်ရရှိနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ။

# “ပိတောက်လက်ဆောင်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ် ဆန်းသစ်မှုအဖြစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြို **“ပိတောက်လက်ဆောင်”**တေးဂီတ ဖျော်ဖြေပွဲကို ၂၀၂၃ ခုနှစ် မေ ၁၄ ရက် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ ရဲအောင်၊ စိုးထက်အောင်၊ ဇော်ထွေးလတ်၊ ဈာန်ထူး၊ ချမ်းဟိန်းဝင်းထွန်း၊ လလဆွတ်၊ ရဲရင့်ဝေလွင်၊ နေခြည်၊ ရွှေဖြူ၊ ရေကြီးနားနှင့် ဖူးကေရီဆောင်းတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မေ ၁၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၁၂**

မြန်မာ့နှစ်သစ်ကူးအား ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို) ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များ စုပေါင်းပြီး ဒုတိယနေ့အဖြစ် သွေးဆက်လက် လှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) သွေးလှူဘဏ်၌ ပြုလုပ်သည်။

သွေးလှူဒါန်းပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ဝင် ၄၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

**ကြည့်ရှုအားပေး**

သွေးလှူဒါန်းရာသို့ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) မှကုသမှု အကူဌာနကြီးမှူး၊ ဒုတိယ ဗိုလ်မှူးကြီး ဝေမိုးသိန်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်း၊ အတွင်းရေးမှူး/ ဘဏ္ဍာရေးမှူး ဦးအောင်မျိုးသန့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်မေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကုသမှုအကူဌာနကြီးမှူး ဒုတိယဗိုလ်မှူးကြီး ဝေမိုးသိန်းက သွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ အဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ လက်ခံရယူပြီး ဆေးရုံအတွက် အထောက်အကူပြု ဆေးပစ္စည်းများကို အဖွဲ့ဝင်များကိုယ်စား (ဗဟို) ဥက္ကဋ္ဌနှင့် ကမာရွတ်ခရိုင်ဥက္ကဋ္ဌ ဒေါက်တာအောင်မိုးတို့က ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်မှူးကြီး ဝေမိုးသိန်းက လက်ခံရယူသည်။ **(အောက်ပုံ)**

**ကိုကြီးတင်**







**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၄၅ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၂၆၃ | ၂၀၉၂၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၇၈ | ၁၄၃၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၁၀၁ | ၅၉၅၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် တည်ဆောက်မည့် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်းတိုးချဲ့ဆွဲသားခြင်း၊ အစားထိုးတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၁-၄-၂၀၂၃ရက် မှ ၂-၅-၂၀၂၃ရက်အထိ
**တင်ဒါတင်သွင်းရမည့်ရက်** - ၂-၅-၂၀၂၃ရက်မှ ၅-၅-၂၀၂၃ရက်အထိ
**တင်ဒါလျှောက်လွှာရောင်းချ/တင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁) ရပ်ကွက်၊ ဘားအံမြို့
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၆-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၀:၃၀နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကရင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ဗိုလ်ချုပ်လမ်း၊ အမှတ်(၁) ရပ်ကွက်၊ ဘားအံမြို့

၃။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး-ဖုန်း-၀၉-၄၂၂၄၈၆၇၅၈၊ ၀၉-၇၇၇၆၀ ၈၇၃၇၊ ၀၉-၅၆၆၂၁၆၂၊ ၀၉-၅၆၆၂၁၆၃ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅) ထန်းတပင်မြို့နယ်တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

ဦးရဲသူအောင်(ခ)အောင်လေး **နှင့်** ဒေါ်ခင်လပြည့်ဝင်း(ခ)မီးမီး
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ဆိပ်ကြီးရပ်ကွက်နေ ဒေါ်ခင်လပြည့်ဝင်း(ခ)မီးမီး (ဘ)ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရဲသူအောင်(ခ)အောင်လေးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သက်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မေလ ၂ ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ဇာသွယ်)
မြို့နယ်တရားသူကြီး
ထန်းတပင်မြို့နယ်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/6140 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၁၂၃)၊ စပါယ်လမ်း၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိသည့် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ x ၆၀)ပေ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၂၄)နှင့်ကပ်လျက် အခြမ်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သက်သက်ဇင်(AG-၃၀၁၂၁၄)ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်သင်းသင်း ၁၂/ဥကမ(နိုင်) ၀၄၀၂၁၆သည် မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၄၇၈၂)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၀၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၂၈၄)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၈ပေxပေ၅၀)ရှိ မြေကွက်ပေါ်တွင် (၂၆x၄၇)ပေရှိ (၂)ခန်းတွဲ ၆ ထပ်အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် မြေရှင်နှင့် ကန်ထရိုက်တာတို့ သဘောတူစာချုပ်ကို ၆-၅-၂၀၂၂ရက်တွင် ချုပ်ဆိုထားပြီး ကန်ထရိုက်တာ ဦးသက်နိုင်ဦး ၁၂/ဥကမ(နိုင်)၀၂၁၂၄၀၊ Pyae Sone Aung Empire Construction Co.,Ltd.မှ ကြိုတင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် (မြေကွက်မျက်နှာမူလျှင်) လက်ယာဘက်အခြမ်းမှ အကျယ်အဝန်း ၁၃ပေx၄၇ပေရှိ တတိယ ထပ် (B4) တစ်ခန်း၊ စတုတ္ထထပ် (B5) တစ်ခန်း၊ အပေါ်ဆုံးထပ် (B6) တစ်ခန်းနှင့် လက်ဝဲဘက်ခြမ်းမှ အပေါ်ဆုံးထပ် (A6) တစ်ခန်း စုစုပေါင်းတိုက်ခန်း (၄)ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၄၃၈)**
**အမှတ်-၁၁၆/လ၊ ကျန်စစ်သားလမ်းသွယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပုသိမ်မြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကုန်းကျေးရွာနေ ကျွန်တော် ဦးလှမြင့်နှင့် ကျွန်မ ဒေါ်သန်းတို့၏သားဖြစ်သူ မောင်စိုးတင့် ၁၄/ပသရ(နိုင်)၁၈၇၆၅၂ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမြင့်** **ဒေါ်သန်း**
**၁၄/ပသရ(နိုင်)၀၇၀၃၄၇** **၁၄/ပသရ(နိုင်)၀၆၉၃၂၀**

## ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်းမှ အသင်းဝင်တစ်ဦးချင်းသိစေရန်ကြေညာချက်

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ ပြည်-ပေါက်ခေါင်းလမ်းနှင့် ဆင်မြီးဆွဲလမ်းထောင့်၊ အကွက်အမှတ်-၅၃(အနောက်ပိုင်းကွက်)၊ ဦးပိုင်အမှတ်(၆၇)၊ မြို့မြေအမျိုးအစားဟုခေါ်တွင်သော ဦးအောင်မြင့်-ပါ(၂၂) ဦးအမည်ထွက် မြေဧရိယာ(၁ဒသမ၇၁၀)ဧက အတွင်းမှ အရှေ့လားသော်-ဦးငွေအောင်၏ခြံမြေ၊ အနောက်လားသော်-ဦးမောင်မောင်၏ခြံမြေ၊ တောင်လားသော်-ဦးကျော်ကြီး၏ခြံမြေ၊ မြောက်လားသော်-ပြည်-ပေါက်ခေါင်းလမ်း၊ စသည့်နယ်(၄)ရပ်အတွင်းရှိ ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်းပိုင် ရှေ့မျက်နှာစာအလျား (၂၁)ပေ၊ နောက်အရှည် အနံ (၉၅)ပေ၊ နောက်မျက်နှာစာအလျား(၂၁) ပေရှိသော ခြံမြေကို ဦးကျော်မျိုးနိုင် (ဘ)ဦးမောင်မောင်အား တန်ဖိုးငွေကျပ်သိန်း(၁၂၀၀)တိတိဖြင့် (၆-၄-၂၀၂၃)ရက်တွင် အပြီးအပိုင်လွှဲပြောင်းရောင်းချပြီးဖြစ်၍ ရောင်းချရရှိသောငွေကြေးအပေါ် ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်း၊ အသင်းဝင်(ယာဉ်ပိုင်ရှင်)တစ်ဦးချင်းစီကို အညီအမျှ ခွဲဝေပေးအပ်သွားမည်ဖြစ်ပါ၍ ဤကြော်ငြာစာထည့်သွင်းသည့်ရက်မှစ၍ (၁)လအတွင်း ယာဉ်ပိုင်ရှင်များအသင်း၏ အသင်းဝင်(ယာဉ်ပိုင်ရှင်)များမှ ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်း၏ အမှုဆောင်ကော်မတီဝင်များထံ အောက်ပါဖုန်းနံပါတ်များသို့ မပျက်မကွက် ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် ဆက်သွယ်ရန်ကာလ ကျော်လွန်ပြီးမှ အကြောင်းကြားလာသော အသင်းဝင် (ယာဉ်ပိုင်ရှင်)များအား လက်ခံစဉ်းစားပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် -ဖုန်း-၀၉-၄၂၃၇၄၄၀၈၆၊ ၀၉-၇၆၆၂၃၆၄၁၈၊ ၀၉-၇၉၂၉၂၇၄၄၂**
**ပေါင်းတလည်ယာဉ်ပိုင်ရှင်များအသင်း အမှုဆောင်ကော်မတီဝင်များ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၁၃၄)**
**အမှတ်(၁၆၂)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ မြသီတာကျေးရွာတွင်ရှိသော ကျေးရွာအမည် မဲခုန်ကွင်းအမှတ်-OSS 79 ကွင်းအမည် ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်-N 138၊ မြေလုပ်ကိုင်သူအမည် ဦးကျော်မင်းချိုမိုး အမည်ဖြင့် မြေခွန်ပြေစာဖော်ပြပါ ဧရိယာ ၃.၂၈ဧက၊ သက်ဆိုင်ရာမြေစာရင်းဌာနနှင့် မြေပြင်ဧရိယာတိုင်းတာတွေ့ရှိချက်အရ ဧရိယာ ၃.၇၀ဧကသည် အရှေ့လားသော်-ဦးဘုန်းဝင်း၏ ဥယျာဉ်ခြံမြေ၊ အနောက်လားသော်-ဦးချစ်သိန်း၏ ဥယျာဉ်ခြံမြေ၊ တောင်လားသော်-ဖောက်လုပ်ဆဲအမြန်လမ်းမကြီး၊ မြောက်လားသော်-လှည်းလမ်းအလားလေးရပ်အတွင်း တည်ရှိသော ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁) ဦးကျော်မင်းချိုမိုး၊ (၂) ဒေါ်တင်တင်ဝေတို့မှ တရားဝင်လက်ရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဦးကျော်မင်းချိုမိုး၊ (၂) ဒေါ်တင်တင်ဝေတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမျိုးမင်းဦး ၇/မလန(နိုင်) ၁၆၅၈၇၅မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၉-၄-၂၀၂၃ရက်တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သိန်းထွန်း (LL.B)** | **ဦးနေဇော်လင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၁၁၅၃၆/၁၆)** | **(စဥ်-၄၉၁၂၈/၁၇)** |
| **အမှတ်(၁၇၈၆)၊သာယာကုန်း** | **အမှတ်(၉၉၅)၊ ရွှေသာလျောင်းလမ်းမ၊** |
| **(၁)လမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊** | **မဇင်းရပ်ကွက်၊ ပဲခူးမြို့၊** |
| **ဖုန်း-၀၉-၄၂၀၁၄၈၄၉၁** | **ဖုန်း-၀၉-၉၇၉၉၇၆၈၀၈** |

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာစခန်းဝင်းအတွင်း ၄ ခန်းတွဲ ၄ ထပ်၊ RC အမျိုးအစားလေးဘက်လှ အရာထမ်းဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
(ခ) ဘုတ်ပြင်းမြို့၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ၄ခန်းတွဲ ၄ထပ်၊ RC အမျိုးအစား လေးဘက်လှ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
(ဂ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာနှင့်ရပ်ကွက်ကြားရှိ ချောင်းသွယ်အား တုပ်ရိုက်ခြင်းနှင့် မြေကြီးဖို့ခြင်းလုပ်ငန်း
(ဃ) ထားဝယ်မြို့၊ ဆန်းချီဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၂ထပ် တိုက်(၄))လုံး တိုက်အမှတ်(၁၊ ၃၊ ၅၊ ၁၀) အား အကြီးစားပြုပြင်ခြင်းလုပ်ငန်း(မြို့ပြ၊ ရေသန့်၊ အပြင်ဆေးသုတ်ခြင်း အထွေထွေ)
(င) မြိတ်မြို့၊ ဘုရားကိုင်အငှားအိမ်ရာ၊ ၆ခန်းတွဲ ၊ ၄ထပ်တိုက် (၂)လုံးအား အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်၊ အထွေထွေ)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၉-၄-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)မှ၁၂-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄နာရီထိ
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၄-၄-၂၀၂၃ရက် (တနင်္လာနေ့) မှ ၁၂-၅-၂၀၂၃ရက်(သောကြာနေ့)ညနေ ၄နာရီထိ
(ဂ) **တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက်/နေရာ-** ထပ်မံကြေညာပါမည်။

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(မှတ်ချက်။** လုပ်ငန်းအား အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်နိုင်ရမည်။)

**ဆက်သွယ်စုံစမ်းရန်-ဖုန်း-၀၅၉-၂၀၂၃၈၆၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းများ တက်ရောက်နိုင်ပါရန် အသိပေးကြော်ငြာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းကျောင်းတွင် နှစ်စဉ်တိုင်း သီးနှံအမျိုးအစားအလိုက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းများပို့ချပြီး နည်းပညာများ ပြန့်ပွားရေးဆောင်ရွက်လျက်ရှိရာ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တောင်သူများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ နှင့် စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူမည်သူမဆို နေစရိတ်၊ စားစရိတ်များအား ဌာနမှကျခံပေးပြီး(အခမဲ့) တက်ရောက်နိုင်မည့် နည်းပညာပေးသင်တန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို သင်တန်းတက်ရောက်ရန်အတွက် ၂၄-၄-၂၀၂၃ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

သင်တန်းတစ်ကြိမ်တိုင်းတွင် သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ဦးစားပေးအစီအစဉ်အတိုင်း သင်တန်းလက်ခံသွားမည်ဖြစ်ပါသည်။

**ဆက်သွယ်စာရင်းပေးရမည့်ဖုန်းနံပါတ်များ**
ဖုန်း-၀၉-၇၈၀၉၈၅၀၇၆၊ ၀၉-၉၇၇၈၆၂၂၀၃၊ ၀၉-၉၆၉၈၄၄၈၂၁၊ ၀၉-၇၈၈၇၄၂၇၂၀
email address-.phttc.htonebo

**သင်တန်းဆောင်ရွက်မည့်အစီအစဉ်**

| စဉ် | သင်တန်းအမည် | ဆောင်ရွက်မည့် ကာလ | တက်ရောက်ရမည့် သင်တန်းသား | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း | ၂၄-၅-၂၀၂၃မှ ၂၅-၅-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၂ | ထောပတ်စတင်စိုက်ပျိုး ထုတ်လုပ်သည်မှ ရိတ်သိမ်း၊ ခူးဆွတ်ရောင်းချသည်အထိ ဆောင်ရွက်မှုနည်းပညာ | ၂၄-၇-၂၀၂၃မှ ၂၆-၇-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၃ | ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများထုတ်ပိုးခြင်းနှင့် စနစ်တကျကိုင်တွယ်ခြင်းနည်းပညာ | ၈-၈-၂၀၂၃မှ ၁၀-၈-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၄ | အရည်အသွေးကောင်းထုတ်ကုန်များရရှိစေရန် Pre-Treatment ပြုလုပ်ခြင်းနည်းပညာ | ၁၂-၉-၂၀၂၃မှ ၁၄-၉-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၅ | ငရုပ်သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာပေးသင်တန်း | ၁၇-၁၀-၂၀၂၃မှ ၁၉-၁၀-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၆ | ဖွင့်လှစ်ပြီးသင်တန်းများအပေါ် အကျိုးရှိစွာ အသုံးချသည့် တောင်သူများ၏အလုပ်ရုံဆွေးနွေးပွဲ | ၁၃-၁၂-၂၀၂၃ | သင်တန်းကျောင်း နှင့် စဉ်ဆက်မပြတ် နည်းပညာရယူမှုများ | Physical |
| ၇ | သရက်စတင်စိုက်ပျိုးထုတ်လုပ်သည်မှ ရိတ်သိမ်း၊ ခူးဆွတ်ရောင်းချသည်အထိ ဆောင်ရွက်မှုနည်းပညာ | ၁၉-၁၂-၂၀၂၃မှ ၂၀-၁၂-၂၀၂၃ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |
| ၈ | ရိတ်သိမ်းချိန်လွန်နည်းပညာ တောင်သူမွမ်းမံသင်တန်း | ၂၀-၂-၂၀၂၄မှ ၂၂-၂-၂၀၂၄ ထိ | တောင်သူများ လုပ်ငန်းရှင်များ | Physical |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မိုးဝေ ၃၁လမ်းနှင့် မဉ္ဇူသက(၁၀)လမ်းရှိ မြေကွက်အမှတ်(ဒ-၄၃၃၉)၊ အကျယ် အဝန်း(၆၀ x ၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ မြေကွက်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးလေးမောင်(ဘ)ဦးကရင် (၉/လဝန(နိုင်)၀၂၅၆၆၉)အမည်ဖြင့် ချထားပေးသော မြေကွက်(မြေပေးမိန့်)ဖြစ်ပါသည်။ အဆိုပါ မြေကွက်အမှတ်(ဒ-၄၃၃၉)အား ဦးလေးမောင်ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူထားသူ ဒေါ်စိုးညွန့်နွယ် ၅/ကဘလ(နိုင်)၁၃၁၃၈၀မှ ၎င်းသာလျှင် တရားဝင် ဝယ်ယူ၍ (မြေပေးမိန့်)လက်ဝယ်ပိုင်ဆိုင်ထားသောမြေကွက်အား လိုအပ်သလိုလွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်း မွေဆိုင်နွံ (၁၃/မဆတ(နိုင်)၀၄၀၇၅၀)မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတစ်ချို့အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ဝိုင်းခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မြေပေးမိန့်)ဂရန် (မူရင်း) တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက် မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၃၉၄)**
**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၉၇၇၀၄၄၅၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် - ၄-၅-၂၀၂၃ရက် နံနက် ၉:၃၀နာရီ
တင်ဒါလျှောက်လွှာပုံစံအရောင်း ပိတ်မည့်ရက်/အချိန် - ၁၀-၅-၂၀၂၃ရက် ညနေ ၄နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ - ၁၆-၅-၂၀၂၃ရက်၊ ၁၇-၅-၂၀၂၃ ရက် နံနက် ၉:၃၀နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးမြို့၊ ဖုန်း-၀၆၅-၂၁၀၄၈၊ ၀၆၅-၂၁၃၆၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၁)၊ မင်းဘူးမြို့မှ ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံစသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက်/အချိန် - ၄-၅-၂၀၂၃ရက်၊ ၀၉:၃၀နာရီ
တင်ဒါလျှောက်လွှာပုံစံအရောင်း ပိတ်မည့်နေ့ရက်/အချိန် - ၁၀-၅-၂၀၂၃ရက်၊ ၁၆:၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ - ၁၆-၅-၂၀၂၃ရက်၊ ၁၇-၅-၂၀၂၃ ရက် ၉:၃၀နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေး မှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူး ခရိုင်၊ မင်းဘူးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၁၁)၊ မင်းဘူးမြို့၊ ရုံး ဖုန်း-၀၉-၄၃၀၅၈၂၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာန၊ မကွေးခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန် - ၄-၅-၂၀၂၃ရက် နံနက် ၉:၃၀နာရီ
တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန် - ၁၀-၅-၂၀၂၃ရက် ညနေ ၄နာရီ
တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ - ၁၆-၅-၂၀၂၃ရက် နံနက် ၉:၃၀နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေး မှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၀၂၃၀၅၃၊ ၀၆၃-၂၀၂၅၈၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် (၁၈)ဟုခေါ်တွင်သော (၁)ခန်း တည်း (၇)ထပ်တိုက်၏ (၆)လွှာ၊ အကျယ်အဝန်း (၂၅ပေx၆ေ ၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

